စိန်သရူစာပေ

# ဟောင်ရှုမျိုး

[ချင်းချောင်းခြံ]

မိုးပြုဓာတ်



အမှာ


၁။ သေတမ်းစာ ၉
၂။ အချစ် ၁၀
၃။ မီးတောင်သေ ၁၁
၄။ နှစ်ဆယ့်တစ်ရာစု ရည်းစားစကား ၁၄
၅။ နှစ်ခွ ၁၆
၆။ အများသုံးဖိနပ်တစ်ရံ ၁၈
၇။ မျက်ရည်လုပွဲ ၂၀
၈။ မီးပြဓာတ် (၁) ၂၂
၉။ အမည်မသိ ၂၄
၁၀။ မနုဿဗီဟာ ၂၆
၁၁။ အချစ်၏တည်နေရာ ၂၈
၁၂။ မယ်သံမဏိ ၂၉
၁၃။ ပန်းတိုင် ၃၁
၁၄။ တိုင်တည်ရတု ၃၂
၁၅။ အိပ်မက်များများ ၃၄
၁၆။ ပုံမှန်အလွမ်း ၃၆
၁၇။ အထီးကျန်များ ၃၈
၁၈။ မာယာကမ္ဘာ ၄၀
၁၉။ သားလိမ္မာ ၄၂
၂၀။ ချစ်သူစင်စစ်များ ၄၄
၂၁။ နှလုံးသားခုံရုံးသို့တင်သွင်းသော
အစီရင်ခံစာ(မှုရင်း) ၄၆

၂၂။ ကြော်ငြာရိုက်ကူးရေးအစီအစဉ် ၄၈
၂၃။ သက်တော်စောင့် ၅၀
၂၄။ ကောင်းကင်ထိပ်ထား ၅၂
၂၅။ အဝေးရောက် အနမ်း ၅၄
၂၆။ ငယ်ရည်းစား ၅၆
၂၇။ ဓာတ်ပြားဟောင်း ၅၈
၂၈။ အိပ်မက်နွေး ၆၀
၂၉။ ပိုက်ကွန် ၆၁
၃၀။ ဈာပန ၆၃
၃၁။ ဣန္ဒြေ ၆၅
၃၂။ ညီမလေးရေ ၆၇
၃၃။ သူငယ်ချင်းရေ ၆၉
၃၄။ ညီလေးရေ ၇၁
၃၅။ မေမေရေ ၇၄
၃၆။ သော်တာ ၇၆
၃၇။ ပင်လယ်အတု ၇၈
၃၈။ မီးပြဇာတ် (၂) ၈၀
၃၉။ ဂ,ငယ်ကွေ့ ၈၃
၄၀။ ဆန့်ကျင်ဘက် ၈၅
၄၁။ ကွဲကွဲကွာကွာ ၈၇
၄၂။ အချစ်၏နောက်ခံသမိုင်း ၈၉
၄၃။ တိမ်ပလီ ၉၁
၄၄။ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၉၂

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

၆၇။ နှစ်ပါးသွား ၁၃၄
၆၈။ ညအလင်္ကာ ၁၃၅
၆၉။ ဇာတ်သိမ်းပိုင်း ၁၃၇
၇၀။ ရွက်လှ ၁၄၀
၇၁။ နွေစန္ဒာ ၁၄၁
၇၂။ သူ့ပန်းမှ....ပန်း ၁၄၃
၇၃။ ဘုံရှန်သူ ၁၄၆
၇၄။ လမ်းခွဲ ၁၄၈
၇၅။ ကောင်းကင်စိမ်း ၁၅၀
၇၆။ ရွှေမျက်ရည် ၁၅၉
၇၇။ သစ္စာသီချင်း ၁၆၅
၇၈။ မီးရထား ၁၇၃
၇၉။ ကြားဘူးတာ ၁၈၄
၈၀။ သေတမ်းစာ ၁၈၆

မိတ်ဆက် အမှာစကား...

“မိဘ မလွတ်မြောက်တဲ့ အချိန်တိုင်းမှာ များသောအားဖြင့် ကဗျာတွေပဲ ရေးဖြစ်တယ်။ အဲဒီ ကဗျာတိုင်းကို.. သူငယ်ချင်းတွေရှေ့မှာ ရွတ်ပြမိတယ်။ သူငယ်ချင်းတွေက နားထောင်လို့ ကောင်းတယ်..တဲ့။

ကောင်းတယ်..လို့ ထင်မြင်ယူဆတဲ့ အရာရာတိုင်းကို ကျွန်တော် ချစ်တဲ့ ကျွန်တော့်မိတ်ဆွေ [အာမတ်ပါရှိသတ်တွေအတွက်] ပေးချင်တယ်။ အဲဒါကြောင့်,

ဖြစ်တဲ့နည်းနဲ့ စီမံပြီး ပေးလိုက်တယ်။

အကျန်ရှိပါစေ။ အကျန်ရောက်ပါစေ။ အကျန်ပယ့်နိုင်ပါစေ။

တစ်ခုခု မလိုလားတာတွေ့ရင် ကျွန်တော့်ကိုပဲ စိတ်ဆိုးပေါ့။ စိတ်ဆိုးပြီးရင်လည်း... ခွင့်လွှတ်ဖို့ မမေ့နဲ့နော်...။

ဪ... ပြောဖို့ ကျန်နေသေးတယ်။

“အချစ်” ဆိုတဲ့အရာနဲ့ “ကဗျာ” ဆိုတဲ့အရာကို အခုအချိန်အထိ ပြည့်ပြည့်ဝဝ အဓိပ္ပါယ် မဖွင့်ဆိုတတ်သေးဘူး...”။ ။

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းပြဲ)
(သေတ္တား–လှ့ပြည်)
2001, Jul., 8
4:30 (A.M)





[၉]

# သေတမ်းစာ

မြေကြီးပေါ်မှာပဲ
နေတယ်။

မြေကြီးပေါ်မှာပဲ
သေမယ်။

ငါ့ကို..မီးမရှို့နဲ့
လေထုညစ်ညမ်းမှာ
စိုးလို့။

ကောင်းကင်ဘုံကို
မမျှော်လင့်ပါဘူး။

မြေပြင်ကို မညစ်နွမ်းစေရင်
သေပျော်ပါပြီကွယ်...။ ။

2001, May, 5

စိန်သရဖူစာပေ

## [၁၀] ကိုပြုံးထက်

### အချစ်

တစ်စက္ကန့်မျှ
မေ့လို့ မရဘူး၊

မေ့ဆေးတစ်လုံး
သောက်သုံးလိုက်ရင် ကောင်းမလား။

တစ်ရေးလောက်မျှ
အိပ်လို့ မရဘူး။

အိပ်ဆေးတစ်လုံး
သောက်သုံးလိုက်ရင် ကောင်းမလား။

မေ့ပိမှာ စိုး
အိပ်မိမှာ စိုး

သူ့ တန်ခိုးက
ညများစွာကို နိုးစေပြီ...။ ။

2000, Aug., 6

စိန်သရဖူစာပေ



## မီးထောင်လသ

ကောင်မလေးရေ...
မင်းကို ချစ်မိပြီလို့ စ,တင်သိရှိတဲ့..နေ့က
ငါ..စတင် သေသုံးခဲ့တာပါ
ငါဟာ ငါ,မဟုတ်တော့ သလိုမျိုး။

ကောင်မလေးရေ...
မင်းရဲ့ နှင်းဆီပုံအတွင်းက၊
ခုန်ထွက်လာတဲ့ လိပ်ပြာလေးကြောင့်,
ငါ...ပြန်လည်ရှင်သန်ဖြစ်တာပါ။

စိန်သရဖူစာပေ

## [၁၂] ဒိုးပြဂေတ်

ကောင်မလေးရေ…
မိုးတောင်ဝ,က မိုးတောက်တွေ ပေါက်ကွဲ ဖိတ်လျှံသလိုမျိုး၊
မင်း, မရှိရင်
ငါ..ထထပြီး ပူလောင်ပြခဲ့ရ။

ကောင်မလေးရေ…
မင်း, သေဆုံးသွားလို့
အားလုံးက နှမြော..တ,သ..ငိုကြွေးကြစဉ်မှာ..
မင်းရဲ့ နှင်းဆီပွင့်အတွင်းက၊ ခုန်ထွက်လာတဲ့ လိပ်ပြာလေး
ငါ့လိပ်ပြာကို ခေါ်ငင်သွားပြီ။

ကောင်မလေးရေ…
ပေါက်ကွဲ..
လောင်ကျွမ်း..
ပူပြင်း…။ ခြောက်သွေ့ပြီး…
တစ်ယောက်တည်း…
အုန်းဆံခွံလို
ကျန်ခဲ့ရ။

စိန်သရဖူစာပေ



မင်းရဲ့ ဈာပန ငယ်ငယ်လေးမှာ...
လူတွေ စည်ကားလိုက်တာကွယ်။
အဲဒီနေ့က...ငါ
ပူလောင်ပြခွင့် မရ။ ပေါက်ကွဲပြခွင့် မရ။

တကယ်...
ငါ သေဆုံးသွား... ... ... ...။ ။

2001, Jul., 12
3:00 (P.M)
စိန်သရဖူစာပေ

## နှစ်သစ်တစ်ရာရှ ရည်းစားဟောင်း

မျက်နှာချိုသွေး...သွေးပြီး
ချစ်ရေးဆိုရမှာ
ရှက်လိုက်တာကွယ်။

ဂစ်တာမတီးချင်ဘူး
သီချင်းမဆိုချင်ဘူး
စာမပေးချင်ဘူး
ကဗျာမရွတ်ချင်ဘူး
အုတ်ခုံကို...ဂစ်တာနဲ့ ရိုက်ခွဲ
အဲဒါ...
ကိုယ့် အသည်းပါပဲ။

အိုက်တင်..ပေး
ဖက်ရှင်..ပြ
အဝတ်အစား လှလှလေးတွေ..ဝတ်ပြီး
ပြဇာတ် မကချင်ဘူး။

ဟောင်းနွမ်းနေတဲ့
အင်္ကျီကြယ်စေ့တွေကို
လက်နှစ်ဖက်နဲ့ [ဖြန်းခနဲ]..ဆွဲဖွင့်
အဲဒါ…
ကိုယ့်ရဲ့…,
ပန်ကြားခွင့်ပေါ့။

အသည်းမကွဲချင်ဘူး
မျက်ရည်မကျချင်ဘူး

ကွန်ပျူတာ စက်ခလုတ်တွေပေါ်မှာ
တို့နှစ်ယောက်
ပျော်ရွှင်စွာ တွေ့ဆုံကြရအောင်…။

[၁၉၉၉ အမှတ်(၇) မှဒိတာမဂ္ဂဇင်း]

စိန်သရဖူစာပေ

# [၁၆] ကြီပြဇာတ်

## နှစ်ခွ

မတည်မြဲတဲ့ လောက,ကြီး..လို့
ခဏခဏ တွေးဖြစ်တာပါပဲ။
ဒါပေမဲ့..,
ချစ်သူလက်ကို မလွှတ်တမ်း ကိုင်ဆုပ်ထားမိတာ
များပြီ။

တော်တော်များများက,တော့၊ သံသရာတွေလည်မှာ စိုး..သတဲ့
အတူတူပါပဲ။ ဒါပေမဲ့,
သံသရာအဆက်ဆက်၊ ချစ်သူနဲ့ ရွှေလက်တွဲချင်တယ်။

ဘုရားသခင်ရဲ့ အမိန့်တော်ပြန်တမ်းများလား
ခန္ဓာအပေါ် တံပိုးတင်ပေးထားတဲ့...ဝဋ်ကြွေး
လေးလိုက်တာ။

ဝေဒနာတော့၊ ဝေဒနာပါပဲ
နည်းနည်းတော့ ပြင်းထန်လွန်းတယ်ကွယ်။

စိန်သရဖူစာပေ

[၁၇]
(ချင်းချောင်းမြို့)

ခန္ဓာငါးပါး မကွဲပြားခင်
လောကဓံ လေမုန်တိုင်းကြောင့်
ချစ်သူနဲ့လည်း..ခွဲခွာခဲ့ရပြီ။

ခက်တာက
အနိစ္စ (အမြဲမရှိ)..လို့ တွေးဖြေမိပါလျက်,
သူ့ ဓာတ်ပုံလေးတွေ… … …
ကိုယ့်ရဲ့ ရင်ခွင်ပိုက် အယ်လ်ဘမ်ထဲမှာ
ရှိနေပြန်သေးတယ်။

ဓာတ်ပုံလေးတွေ ဆွေးမြေ့သွားရင်တောင်
ရင်ထဲမှာ..
သူ…ရှိနေပေဦးမယ်။ ဒါပေမဲ့,
မတည်မြဲတဲ့ လောက,ကြီး..လို့
ခဏခဏ တွေးဖြစ်တာပါပဲ။

2001, May, 9

စိန်သာရဖူစာပေ

## အရှုံးဆုံး ဖိနပ်တစ်ရံ

အချစ်က…, ကျောင်းမပြေးနိုင်ဘူး
အချစ်က…, မပိုနိုင်ဘူး
အချစ်က…, မရက်စက်နိုင်ဘူး
အချစ်က…, (မိဘကို) လိမ်မပြောနိုင်ဘူး
အချစ်က…, အရက်မသောက်နိုင်ဘူး…။
တကယ်တော့၊ အချစ်ဆိုတာ
(အပြစ်မဲ့) ဖိနပ်တစ်ရံပါ။

လူတွေ…,
စီးချင်သလို စီးပြီး၊
သွားချင်ရာ သွားခဲ့၊ လုပ်ချင်ရာတွေ လုပ်ခဲ့ကြလို့,
''အချစ်''က,
(ခဏခဏ) နာမည် ပျက်ပျက်သွားတာ။
ဖိနပ်က…, သယ်ဆောင်သူ မဟုတ်ဘူး
ခြေထောက်တွေကသာ၊ ဦးဆောင်သွားကြတာ။

စိန်သရဖူစာပေ

တကယ်ဆို
အဲဒီ့ ဖိနပ်လေးကို၊ တရိုတသေ သိမ်းထားပြီး...
လမ်းကောင်းကောင်းတွေ့မှ
လမ်းကောင်းကောင်း လျှောက်တတ်မှ၊
တစ်ယောက် တစ်ရံစီ ထုတ်စီးလိုက်ရရင်..
ဖိနပ်အသစ်လေးနဲ့...,
ဘယ်လောက်လှလိုက်မလဲ။

အဲဒါဆို...
အချစ်လည်း, နာမည်မပျက်တော့ဘူး...။ ။

2001, Jul., 20
1:35 (A.M)
စိန်သရဖူစာပေ


## မျက်ရည်လျှို

မျက်ရည်..
သက်သေပမာ။

အမျက်မပြေ
ရက်ရှည်ကြာ။

ရွက်ကြွေ..
မျက်ရည်နှာ။

စိန်သရဖူစာပေ



စွယ်တော်ရွက်မို့
တစ်သက်မခွာ။

ခွဲခွာရက်လို့ ကွဲအက်သွားလည်း..
အသည်းတစ်ခြမ်း၊ ခွဲတမ်းနဲ့ ယူပါ။

ကျန်သော တစ်ခြမ်း
သူက, နမ်းမှ၊ ပန်းဖြစ်ပါစေ...

သူ...မငိုရ
သူ...ချိမြမှ,

ကိုယ်..
ကြေကွဲရကျိုး နပ်မှာပါ...။ ။

2001, June, 16
12:10 (A.M)
ဝိနည်းသရုပ္ပတေ



## မီးပြဇာတ်...[၁]

ရောင်စုံပန်းလေး..တစ်ပွင့်
မီးသက်တံလေး..တစ်ကုံး။
ပြုံးပြတတ်တဲ့..အရုပ်လေး..တစ်ရုပ်
လေပြင်းအတိုက်
ရင်ကိုစိုက်တဲ့,
နှင်းဆီမိုက်လေး...တစ်ငုံ။

စိန်သရဖူစာပေ

အဲဒါတွေကို
"အချစ်"..လို့ ယုံခဲ့တယ်။
"အချစ်"..လို့လည်း ခေါ်မိတယ်
ဒါပေမဲ့..,
သူက...မီး။
"မီး"..လို့လည်း ခေါ်ခဲ့တယ်
ဒါပေမဲ့..,
သူက..အချစ်။
မီးနဲ့ အချစ်၊ 'ရေ'ထဲနှစ်တော့..,
"ရေ"က မီးကို..သတ်။
"မီး"က အချစ်ကို..သတ်။
အဲဒါနဲ့ပဲ
ပြဇာတ်တစ်ပုဒ် ပြီးသွားရော။
အဲဒီပြဇာတ်ထဲမှာ..
"ရေ"က၊ တရားခံ ဖြစ်သွားတယ်။

ဪ...
"ရေ"ဆိုတာ၊
"ငွေ"ကိုခေါ်တဲ့ ဘမ်းစကား။ ။

2001, June, 16
12:20 (A.M)
စိန်သရဖူစာပေ



## အစည်ဆီ

သစ္စာမဲ့တယ်..လို့ မပြောရက်ပါ။
သစ္စာကြီးသူများ..
အချစ်ကို ပိုင်းရုံထားပါတယ်။

ဂုဏ်မက်တယ်..လို့ မဆိုရက်ပါ။
တဲအိုပျက်မှာ
အသက်ထက်ဆုံး ပေါင်းဆုံသွားသူများ.
အချစ်ကို ပိုင်းရုံထားပါတယ်။

စိန်သရဖူစာပေ

ရက်စက်တယ်..လို့ မစွပ်စွဲရက်ပါ။
စာနာတရား ထားသူများ..
အချစ်ကို ပိုင်းရုံထားပါတယ်။

ဒါပေမဲ့လေ..

သစ္စာလည်း..မဲ့ ဂုဏ်ကိုလည်း..မင်
ရက်စက်ချင်သမျှ ရက်စက်ခဲ့ကြတဲ့
နှလုံးသားပိုင်ရှင်များကို...

အမည်ဘယ်လို ပေးရမလဲ
ဘယ်လိုအမည် ပေးကြမလဲ...။

2001, June,

12:46 (A.M)

ဇိန်သရဖူစာပေ



**မနုဿဘိတ**

မြွေ ကႇနေသလိုပဲ
လှုတာယ်။
မျက်လှည့်ပြ နေပေမယ့်
မခွာရက်။

တချို့က,
မီးနဲ့ ကင်းဝေးသွားတဲ့အခါ
ချိတ်တွေ မာသွားသတဲ့။

စိန်သရဖူစာပေ

သူက,တော့
သူ့ မခိုင်မာမှုနဲ့..သူ
အရည်ပျော်သွားတဲ့..ရေခဲတုံး။

အဲဒီ ရေခဲစီးကြောင်းကြီးနောက်
ကောက်ကောက်ပါအောင် လိုက်သွားတယ်။

ချောင်းရေလည်း..မဟုတ်
မြစ်ရေလည်း..မဟုတ်
ပင်လယ်ရေလည်း..မဟုတ်။

အိပ်ရာနိုးလို့
မြောင်းထဲက၊ လူးလဲ ထ,လိုက်တဲ့အခါ
သူ့မှာ..
ရွံ့ဗွက်တွေ ပေကျံနေသတဲ့။
သမုဒ္ဒရာကြီး
ဟားတိုက်ပြီး ရယ်မောတယ်...။ ။

2001, June,
(ပြည်ပရောက် သူငယ်ချင်း၏ သစ္စာပျက်သော ချစ်သူ...သို့)

စိန်သာရဖူးစာပေ

[၃၀] ဦပြဆေတ်



ဒါပေမဲ့ကွယ်...
မြို့တွေရဲ့ ယနေ့ အလွမ်းတွေက
မသွေ့ မွှန်ချွာ ချော်လင့်လန်းနေသော်လည်း..,
မေ့ပန်းတွေ တလွင်လွင် ပန်ဆင်သူက
မေ့ပင်တွေ တမင်စိုက်ကာ
မေ့လိုက်ပြီ..တဲ့။

1993, Jun., 13
07:00 (A.M)
စိန်သရဖူစာပေ

[၃၁]

# ဝန်းတိုင်

မေ…

နေ အရမ်းပူပေမယ့်
ခြေလှမ်းအတူ လှမ်းပြီး
နွေလမ်းထဲမှာ လျှောက်ချင်တယ်။

နွေမှာ…
ပိတောက်,
ရေလာသောက်တယ်။

နွေနဲ့..ပိတောက်
ရွှေနှင့် ကျောက်လို
(မောင်လည်း)…

မေ နဲ့ နှစ်ယောက် နေချင်တယ်…။ ။

1994, Nov., 5

စိန်သရဖူစာပေ

## တိုင်ထည်ရေတု

သည်မျက်ဝန်းကို
ချက်ချင်းထုတ်,ပယ်၊ ပြန်လည်မကြည့်
မငေးမိဖို့,
လက်တို့စမ်းပါ သူငယ်ချင်း။

သည်မျက်ဝန်းကို
ရွှန်းပ ကြည်သာ၊ ကဗျာဖွဲ့ရေး
မသွေးမိအောင်
ခေါ်ဆောင်လှည့်ပါ သူငယ်ချင်း။

သည်မျက်ဝန်းကို
မြင်ကွင်း ကွယ်ပျောက်၊ အိမ်အရောက်ပြေး
မတွေးမိဖို့,
ဆေးတို့ပေးပါ သူငယ်ချင်း။

စိန်သရဖူစာပေ

[၃၃]

သည်မျက်ဝန်းကို
လွမ်းရင်း ရင်နင့်၊ ဒဏ်သင့်ခံစား
ယိုင်မသွားအောင်
ဖေးတွဲပါလား သူငယ်ချင်း။

သည်မျက်ဝန်းကို
ချစ်ခြင်းနဲ့ဝေ၊ ဘဝ,ရည်စူး
ချစ်ခဲ့ဖူးတာ...

မင်း, အသိဆုံးပါ သူငယ်ချင်း။ ။

1990, Dec., 12
11:00 (P.M)
စိန်သရဖူစာပေ

## အိပ်မက်မျှားမျှား

နှစ်ယောက်တွဲ
မဖောက်လွဲ၊ မဖောက်ပြန်
နောက်ချန်လှည့် မပြေး
ချွေးစေးတွေ အတူသုတ်
ကိုယ်...
ဘာ ကျုလုပ် ပေးရမလဲ။

မဝေး..., မခွဲ
အတွေးထဲ၊ အမြဲနေ
အိပ်မက်ထဲ၊ ညတိုင်းရောက်
မိုးတစ်ပေါက် ကြွေကျလျှင်တောင်မှ
ချစ်သူရဲ့
ခြေထောက်လေးကို မြင်ယောင်တယ်။

စိန်သရဖူတာပေ

[၃၅]

မစွဲမလမ်း၊ မတမ်းမမက်ဘဲ
လွမ်းသက်ရှည်ခြင်း သက်သက်ပါကွယ်။

တချိန်ချိန်မှာ..ခွဲ
အကြိမ်တစ်ရာပဲ ဝေးလေမလား။
ဘဝဆိုတာ
အိပ်မက်များပါပဲ၊
ဒါပေမဲ့လည်း...
ချစ်သူနေနား
ကိုယ့်အပါးမှာ၊ ရှိနေပါလျှင်
သူ..ထားရာနေ၊ သူ..စေရာသွား
ကိုယ်..ခ,စားဖို့

အိပ်မက်များများ မက်ချင်တယ်။ ။

2000, Jul., 11

12:35 (P.M)


စိန်သရဖူစာပေ

## ပုံမှင့်အချွမ်း

အမုန်းတွေ မထားခဲ့ပါနဲ့
ခါးသက်တဲ့
ဓားတစ်လက်သာ ပေးခဲ့ပါကွယ်။

ချစ်ခဲ့ကြစဉ်တုန်းက,တော့
ဝ,လုံးတစ်လုံးကို
နှစ်ယောက်အတူ ရေးခဲ့ကြပါသေးတယ်။
သုညတစ်လုံးကို
နှစ်ယောက်အတူ ပေါင်းနဲ့ သုံးခဲ့ကြပါသေးတယ်။

အခုမှ,
မုန်းကြရတော့မလား။



[၃၇]

နှစ်ယောက်စလုံး မုန်နေသမျှ
ရန်တွေ ခဏခဏ ဖြစ်တတ်တယ်၊
နှစ်ယောက်စလုံး မှားနေသမျှ
စကားတွေ ခဏခဏ များတတ်တယ်။

တစ်ယောက်''မုန်'' တစ်ယောက်''မှား''ပြန်တော့
(မုန်တဲ့သူက)
နောက်ချန်မထားခဲ့နဲ့ပေါ့ကွယ်။

ခဏနေပါဦး
ဝ,လုံးနဲ့…သုည
တစ်ယောက်တစ်ခြမ်း ယူကြဖို့အတွက်,
တူမျှတဲ့ ငွေလ,မင်း
သေသေချာချာ လင်းပါစေကွဲ့။

မနက်ကျမှ
မုန်းကြရအောင်ပါ…။ ။

2001, May

စိန်သရဖူစာပေ

## အထီးကျန်မှုများ

သိပ် အကြီးကြီးတွေ
မပြောနဲ့။
ဗိုက်ဆာနေတဲ့ လူတစ်ယောက်အတွက်
အလိုအပ်ဆုံးက
ထမင်းတစ်လုတ်ပါ။

အာဒံနဲ့ ဧဝ က
ဝေးလွန်းပါတယ်၊
ဖေဖေနဲ့ မေမေတို့လောက်ပဲ
ချစ်ကြရအောင်။

ရှိတ်(စ)ပီးယားကို
ချီးကျူးချင်တယ်၊
ဒါပေမဲ့၊
ဦးပုညကို အားနာစရာ။

## မေရှို [၃၉]

စာအုပ်အထူကြီးတွေ
ဖတ်ဖတ်ပြီး
အိပ်ရာဝင်ခိုင်းမယ့်အစား
မေမေ့တုန်းက,လိုပဲ
ပုံပြင်လေးနဲ့ ချော့သိပ်ပါ။

တကယ်..
အဖော်မရှိဘဲ
တစ်ယောက်တည်း စကားပြောနေရမှာ
ကြောက်တယ်။

ဒီမှာ..
တချို့က
အိပ်လို့တောင် ပျော်နေသေးတယ်။

နိုးလိုက်ဦး...။ ။

1999, Aug., 19

စိန်သရဖူစာပေ

**မာယာကမ္ဘား**

ကောင်းကင်ကို ထိလုလု
မြင့်မား၊
သင့်အား, ဦးညွတ်ခဲ့သူပါ
မာယာ။

ကောင်းကင်ကို နမ်းနေသလိုလို
မြေပြင်ကိုပဲ၊ လွမ်းနေသလိုလို။
ခြေတိုအောင် တက်လှမ်းခဲ့တဲ့
ငါ့ရဲ့, နှစ် သက်တမ်းတလျှောက်
ငါဟာ.. ချစ်မျက်ကန်းတစ်ယောက်ပါ
မာယာ။
ဆုပ်ကိုင်ဖက်တွယ်ထားခဲ့မိတဲ့
ငါ့လက်ချောင်းထဲက.. ကမ္ဘား
ရေညှိ ခါးခါးတွေနဲ့လေ။

စိန်သရဖူစာပေ



ကောင်းကင်ကိုလည်း.. မနမ်း
မြေပြင်ကိုလည်း.. မလွမ်း၊
ငါ့ကိုယ်.. ငါ၊ စမ်းကြည့်တော့..
ရင်နှစ်ခြမ်း၊
ဖြန်းဖြန်းကွဲသွားရတာပဲ
အဖတ်တင်တယ်။

ငါ့ ရင်ဘတ်ထဲက သင်၊ ခွဲထုတ်သွားတဲ့
နှလုံးသား တစ်ခုကလည်း..
မာယာကမ္ဘာပေါ်မှာ တချို့တင်
မာယာကမ္ဘာအောက်မှာ တချို့ရောက်
ကွယ်ပျောက် ကြေမွ သွားရတယ်
မာယာ။ ။

2001, Jun., 26

စိန်သရဖူစာပေ

[၄၂] ဈိုးပြထတ်



## သားလိုမှာ

အမေ..
တိုးတိုး တိတ်တိတ် နေစေချင်သလား?
ဟုတ်ကဲ့ အမေ၊
ဒါပေမဲ့..,
သား..သီချင်းဆိုပါရစေ။

အမေ...
ရန်မဖြစ်ရဘူးတဲ့လား?
ဟုတ်ကဲ့ အမေ၊
ဒါပေမဲ့..,
သား...လက်ဝှေ့ကစားပါရစေ။

စိန်သရဖူစာပေ



## အမေ့ရုပ်ပုံ [၄၃]
(ချင်းဆောင်း၍)

အမေ…
ရည်စားမထားရဘူးတဲ့လား?
ဟုတ်ကဲ့ အမေ၊
ဒါပေမဲ့…,
သား…
တစ်ယောက်ယောက်ကို ယုံကြည်ပါရစေ၊

အမေ…
လိမ်မပြောရဘူးတဲ့လား?
ဟုတ်ကဲ့ အမေ၊
ဒါပေမဲ့…,
သား…
မှန်မကြည့်ဘဲ နေပါရစေ…။ ။

1998, Nov., 17

စိန်သရဖူစာပေ



## ချစ်သူခင်ခင်မျှား

ပါးပြင်နုနု
ချွေးတွေစုလည်း..
မျက်ရည်ဥတို့ မဖုံးကြေး။

သနပ်ခါး မွှေးမြ
နေရောင်ကျလည်း..
နှုတ်ခမ်းလုလု မမဲ့ကြေး။

စိန်သရဖူစာပေ

လက်ဖဝါးနုနု
သွေးကြည်ဥလည်း..
လောကဓံကို မမှုကြေး။

ခြေဖဝါးလှလှ
ဆူးတွေ ခ,လည်း..
မျက်ရည်စ,တို့ မကျကြေး။

ဘဝ အရေး
နွေးထွေးစရာ၊ အကြင်နာနှင့်၊
ဖွေရှာအားမာန်
လောက...ဒဏ်ကို၊
ခုခံရင်ဆိုင်၊ တုယှဉ်ပြိုင်လျက်၊

နိုင်နိုင် ရှုံးရှုံး၊ အတူပြုံးမယ်
မုန်းတယ်လို့လည်း မပြောကြေး။ ။

2001, June, 25

စိန့်သာရဖူးစာပေ

**နှလုံးသားခုံရုံးသို့ ထင်သွင်းသော အစီရင်ခံစာ [မူရင်း]**

သို့
ဥက္ကဋ္ဌ
သမုဒယမော်ကွန်း ရေးထိုးရေးအဖွဲ့
အမှတ် (၁၅၀၀)
အကြင်နာရပ်ဝန်းဒေသ
သံယောဇဉ်ခရိုင်
အမုန်းမဲ့မြို့။

နေ့စွဲ… ၁၄ ဖေဖော်ဝါရီ ၂၀၀၂

**အကြောင်းအရာ။** ။ <u>အကြင်နာယုံကြည်အပ်နှံမှုကို ချစ်သူဟောင်းထံမှ ပြန်လည်တောင်းခံပေးပါရန် ပန်ကြားခြင်း။</u>

တာဝန်ရှိ လူကြီးမင်း (ဦးမြားနတ်မောင်) ခင်ဗျား။ ကျွန်တော်၏ချစ်သူ (မ………) သည် ကျွန်တော်၏ တရားဝင်ချစ်သူအဖြစ် နှစ်ပေါင်းများစွာ ချစ်မြတ်နိုးပြီးခါမှ လွန်စွာချမ်းသာကြွယ်ဝသူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားသွားပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သူ့အား…၊ ကျွန်တော်, လုံးဝ ခွင့်လွှတ်ပါသည်။

စိန်သရဖူစာပေ

ဓားလွယ်ရွှေ [၄၅]
(ချွင်းမလျှော်မှီ)

သို့သော်...၊ သစ္စာမဲ့သူ ထံတွင် ယုံကြည်စွာ အပ်နှံထားခဲ့မိသည့် ကျွန်တော်၏ ချစ်ခြင်းများကို ပြန်လည်ရယူလိုပါသည်။ လူကြီးမင်းမှ တစ်ဆင့် ဆင့်ခေါ် တောင်းယူပေးပါရန် အားထားနိုသေစွာ ပန်ကြားအပ်ပါသည်။

လေးစားရိုသေလျက်

လှမျိုးအောင်
အမှတ်(၅၂၈)
မေတ္တာလမ်း၊ သစ္စာရပ်ကွက်
အပြစ်မဲ့ခရိုင်၊ တိုင်တည်ခြင်းမြို့
ခေတ္တ–လူ့ပြည်။

စိန်သရဖူစာပေ

[၄၈] ကိုမြတေတ်



## ကြော်ငြာရိုက်ကူးရေးအဖွဲ့အစဉ်

ထက်ထက်မိုးဦး
ကူညီပါ။
အိန္ဒြာကျော်ဇင်
ကူညီပါ။
စိုးမြတ်နန္ဒာ
ကူညီပါ။

ကိုယ်ပိုင် ခံစားမှုဖြင့်
ထုတ်လုပ်ထားသည့်,
ချစ်ခြင်းတစ်ခု၏ မျက်ရည်စ,များအကြောင်း...
ကွေကွင်းခြင်းတစ်ခု၏ သမုဒယနေ့ဆိုးများအကြောင်း...၊

စိန်သရဖူစာပေ



[၄၉]

သူ..သိဖို့
သူ..မိဘ သိဖို့
သူ..အသိုင်းအဝိုင်း သိဖို့
ပြီးတော့..,
တစ်လောက,လုံး သိဖို့
ကြော်ငြာချင်လို့ပါ။

မှတ်ချက်-
ကြော်ငြာရိုက်ကူးခ
မေတ္တာဖြင့်သာ...။ ။

2000, Mar., 18

စိန်သရဖူစာပေ

## သက်တော်အောင်

လက်ညှိုးထိုးပြလို့ရတဲ့
ရုပ်ဝတ္ထု ပိုင်ဆိုင်မှုတွေနဲ့
ချိန်ဆ,ပြီး..
မင်းကို မချစ်ပါရစေနဲ့။
ပင်လယ်..သမုဒ္ဒရာ
ကောင်းကင်ပြာ..မိုးကုတ်စက်ဝိုင်း
သက်တံကိုင်းကိုင်း..အိပ်မက်မှိုင်းမှိုင်း။
စိတ်ကူးယဉ်ဒီဇိုင်းများနဲ့
စကားလှလှလေးတွေကို တိုင်တည်ပြီး
မင်းကို မညာပါရစေနဲ့။

ငါ့ရှိတဲ့..လက်နှစ်ဖက်နဲ့
မင်းကို တွေးပိုက်ထားမယ်။
ငါ့ခြေထောက် နှစ်ဖက်နဲ့
မင်းကို တွဲပြီး လမ်းအတူလျှောက်မယ်။

စိန်သာရမှုတာပေ

[၅၁]


လျှောက်တဲ့ခရီး၊ နီးနီး..ဝေးဝေး
မင်း..မတွေးနဲ့။
လျှောက်တဲ့ ခရီး၊ ပမ်းပမ်း..မပမ်းပမ်း
မင်း..မနွမ်းနဲ့။
ငါ.., မင်းရှေ့က လူ
ရန်မူသမျှ ရန်ဟူသမျှ
ငါ့ ဦးခေါင်းနဲ့ ပြေးဆောင့်မယ်။

ဦးခေါင်းကြေမွ
သွေး မြေကျ၊
လက်တွေ ပြေကျ၊ ခြေတွေ ခွေကျသွားတဲ့အခါ..
ငါ့ ရင်ခွင်ကို ခွဲကြည့်ပါ။

ငါ့ အသည်းနှလုံး
မင်းကို ပြုံးပြနေဦးမယ်။ ။

2001, June, 26

စိန်သရဖူစာပေ



(၅၂) မိုးမြေဆက်

## ထောင်းတင်ထိပ်ထား

ရေများရာ
ရွာသွန်းခဲ့တဲ့ မိုးကို
မြေပြင်ခမျာ
တမ်းတမ်းတစွာ မျှော်နေခဲ့။

အပူပိုင်းဒေသအတွက်
ရေကြည် တစ်စက်နှစ်စက်ကို
စွန့်ကြဲမို့
မစဉ်းစားမိဘူးလား မိုးရယ်။

စိန်သာရပူစာပေ



[၅၃]

အော်ဟစ်နေကြတဲ့
မြက်ခြောက်ပင်တွေကို
မသိသလို ကျော်ခိုင်း၊
ပင်လယ်ပြင်မှာ မုန်တိုင်းတွေကျ။

မင်း နမ်းမှ
ပွင့်ရမယ့် ပန်းတွေကို
အနွမ်းတွေ ပြေပါစေလား။

အလို..
မိုးသားတိမ်လိပ်တွေဟာ
လေညွှန်ရာကို ရွေ့လျားသွားပေါ့။

လေစိမ်းတွေ
မိနေပြီလား အချစ်ရဲ့။ ။

1991, Aug., 10

စိန်သရဖူစာပေ



[၅၄] ဖိုးပြကတ်

**အဝေးရောက်...အနမ်း**

ပခုံးစွန်းက မျက်ရည်စ,တွေ
ဘယ်သူ ဖယ်သုတ်ပေးမှာလဲ။
အိတ်ကပ်ထဲက ရှိုက်သံတွေ
ဘယ်လို မြတ်နိုးရမှာလဲ။

ဟိုမှာ..
ရထား ထွက်တော့မယ်။
ငါ့ကို ဖက်ငိုနေမယ့် အစား
ရထားပေါ် ပြေးတက်မသွားဖို့
ပို အရေးမကြီးဘူးလားကွယ်။

ထားခဲ့ဖို့ ဆုံးဖြတ်ပြီးမှတော့..
ကျန်ခဲ့ရမယ့်သူကို အားနာရင်
ရယ်ပြဖို့ ကြိုးစားပေးပါလား။

ဝိန်သာရရှစာပေ



[၅၅]

ငါ့..ပခုံးစွန်းက
မင်းရဲ့ မျက်ရည်စ,တွေ မခြောက်မချင်း၊
ငါ..မငိုပါဘူး အချစ်ရယ်။
ငါ့..အိတ်ကပ်ထဲက
မင်းရဲ့ ရှိုက်သံတွေ ထွက်ကျမသွားမချင်း
ငါ..မငိုပါဘူး အချစ်ရယ်။

မင်းက,တော့..
အဲဒါတွေကို အကုန်ထားခဲ့ပြီး
သွားချင်ရာကို သွားတော့မှာပဲ မဟုတ်လား။

"ခွင့်လွှတ်ခြင်းဆိုတာ
မမြင်ရတဲ့ အနမ်းတစ်ခုပဲ"..တဲ့။

ဟိုမှာ..
ရထားထွက်တော့မယ်။

ငါ..မင်းကို၊ ခွင့်လွှတ်တယ်...။ ။

2001, June, 27

4:30 (P.M)

စိန်သရဖူစာပေ



**ငယ်ချည်းအား**

အဲဒီတုန်းက
ကံ့စမ်းမဲတွေ
အခုလောက် ခေတ်မစားသေးပါဘူး။

ဒါပေမဲ့..သူ့အတွက်
အသေအချာ ပေါက်မယ့် ကံ့စမ်းမဲတစ်ခုကို
သူ့ မိဘတွေက၊ ဝယ်ပေးခဲ့ကြတယ်။

ကံ့စမ်းမဲ ဖွင့်တဲ့အချိန်အခါမှာတော့
အဲဒီ့ ကံ့စမ်းမဲပြားကြီးက
ဗလာ။

စိန်သရဖူစာပေ


ဘယ်လောက် ရင်နာစရာ ကောင်းလိုက်သလဲ
သူ့မှာ..
အခုထိ..
အဲဒီ့ ဗလာမဲပြားကြီးကို
လက်ထပ်ထားရတယ်။

သူ့ မိဘတွေကတော့
သေပြီ...။ ။

2001, June, 27
4:60 (P.M)

စိန်သရဖူစာပေ



## ဓာတ်ပြားဟောင်း

ခဏ ခဏ
ဒီစကား ပြောခဲ့လို့
မင်း..ဘယ်လို ထင်နေသလဲ။

အဲဒါ
ရင်ထဲက စကားပါကွယ်။

အာဒံက ဧဝကို
တစ်ခုံတစ်ခုသော ဘာသာစကားနဲ့
ပြောဘူးခဲ့မယ် ထင်ပါတယ်။

စိန်သရဖူစာပေ



[၅၉]

အရိုင်းခေတ်ကတည်းက
အချစ် ရှိခဲ့တာပါ၊
စကား တစ်ခွန်းကို
ခဏခဏ ပြောနေမိတာကိုက
ရင်တွင်းက
ကိန်းဝပ်ခြင်းပါကွယ်။

ဒါကို..
"တတ်ပြားမောင်း"..လို့
စွပ်စွဲရက်သလား။

ခံစား
စဉ်းစား
တနာကြည့်ဦးကွယ်၊

"မင်းကို..
ကိုယ်..ချစ်တယ်"...။ ။

1998, Nov.

စိန့်သရဖူစာပေ



## အိပ်ဆက်ငှး

အလွမ်းလေညင်း၊ ပန်းတွေခင်းဖြန့်
သင်းပျံ့ပျံ့ဝေ၊ နှင်းတွေ..ကြွေ။

ကြွေလွင့်နှင်းမျော၊ အလွမ်းတောမှာ..
လျောတိုက်လွင့်ပါ၊ အိပ်မက်ရွာလေး
ဟိုး..အဝေးက၊
အနွေးဓာတ်လေး၊ လာကူပေးပါ။

ချစ်သူ့ ရင်ထွေး၊ ကိုယ်ငွေ့နွေးနဲ့
အိပ်မက်လေးများ လှပါရစေ...။ ။

1998, Nov.



## ပိုက်ကွန်

အနှီးစုပ် တစ်စုပ်ကို
ပစ်ပယ်ထားခဲ့တဲ့
ကလေးတစ်ယောက်လို
ငါ့ခြေလှမ်းတွေ
ရင့်အိုခဲ့ပြီ။

အမေကာ,တော့
အနှီးစုပ်လေးကို ပိုက်ရင်း..
သားမိုက်ကို လိုက်ရှာနေပေလိမ့်မယ်။

စိန်သရဖူစာပေ



အဖြူရောင်
အနှီးစုပ်လေးကို ပစ်ခွာခဲ့ပြီး
ဝတ်ဖြူစင်ကြယ်ကြီးဆီကို သွားနေရတဲ့
ဘဝရထားနဲ့ မိးခိုးငွေ့တွေက,
ပြန့်ကျဲ ညစ်ထေးလို့လေ။

နှံ..
ကြိုး..
ရဟတ်..နဲ့
မာယာပါးစပ်ပေါက်တွေကြောင့်
ရရှိလာတဲ့ ဒဏ်ရာတွေက,

ငါ့ အိမ်ပြန်ချိန်ကို
နောက်ကျစေခဲ့ပြီ...။ ။

1998, Nov.

စိန်သရဖူစာပေ

ချပဝနု

ဂုဏ်သိက္ခာ ဆယ်တင်တဲ့
လက်ထပ်ပွဲ တစ်ပွဲအတွက်
အသည်းနှလုံးတစ်ခု
လူမသိ၊ သူမသိ အပြုံးနဲ့ ခံလိုက်ရသလို
လူတစ်ယောက်၊
ဘဝဇာတ်ကို က,ခဲ့တယ်။

ရုပ်ရှင်တွေထဲက,လို
''အချစ်ဟောင်းရဲ့ လက်ထပ်မင်္ဂလာ
ကိုယ်တိုင်ပဲ လာရောက်လို့ နှုတ်ဆက်တယ်''..ဆိုတာမျိုး
သီချင်းဆိုပြီး လက်ဖွဲ့ဖို့ မသင့်လျော်ဘူး။

စိန်သရဖူစာပေ

## [၆၄] ကြိုပြုဇာတ်

ချစ်သူကို ပေးအပ်မယ့်
လက်ဖွဲ့ပစ္စည်းတွေ၊ သူ..လက်ခံယူရဲ့ပါ့မလား။
မင်္ဂလာရှိကြောင်း ကျက်သရေထဲမှာ
မျက်ရည်စက်တွေ ကင်းစင်ပါ့ရဲ့လား။

ချစ်သူ့ပေါင်းက နှောင့်ယှက်မှာစိုးလို့
ဖိတ်စာတောင် မပို့လိုက်တော့ဘူးဆို။

မင်းကို လက်ဖွဲ့မယ့် ပစ္စည်းတွေ
ကိုယ့် နောက်ဆုံးခရီးကျမှ
မီး သဂြိုဟ်လိုက်ပါ့မယ်...။

မီးခိုးငွေ့ ဖြစ်သွားမယ့်
ရှာပန် ပစ္စည်းတွေထဲမှာ..
စုံတွဲ ဓာတ်ပုံတွေ ပါဝင်ခဲ့ရင်၊
ကောင်းကင်ဘုံကို ရောက်သွားပါရစေ
ဘုရားသခင်။ ။

2001, Jun., 28
8:45 (P.M)

စိန်သရဖူစာပေ

# ဂွန်

မတွေ့လိုသည်
ချစ်သူ့မျက်နှာ မြင်နေပါ၏။

မကြားလိုသည်
ချစ်သူ့စကား နားမှာကြား၏။

မသိလိုသည်
ချစ်သူ့အနားမှာ ရှိနေပါ၏။

မခင်လိုသည်
ချစ်သူကိုသာ ခင်မင်ပါ၏။

စိန်သရဖူစာပေ

[၆၆] ဖိုမြဲထက်



ချစ်သူ သူ့ကို
ပြောပြလိုသည်၊

ရင်မှာပို့မျှစ်၊ ပန်းအသစ်လေး
ခူးခွင့်ပေးချင်၊ သံယောဇဉ်ပေါ့

ပြန်ပြောဖို့တော့ ရှက်တယ်ရှင်…။

1990, Aug., 2

စိန်သရဖူစာပေ

## ညီမလေးရေ...

ညီမလေးရေ..
ချစ်သူကို တွေ့တွေ့၊ ရန်သူကို တွေ့တွေ့
မိဘ,ကို သတင်းပို့ဖို့ မမေ့နဲ့နော်။
ပန်းပဲ ပန်ပန်၊ ဆူးပဲ ခခ
မိဘ,ကို ပြောပြနော်။

စိတ်ညစ်စရာကြုံရင်
မိဘ,ကိုသာ ယုံကြည်တိုင်ပင်၊
မိဘ,ဆိုတာ...
ဘုရားပေးတဲ့ လက်ဆောင်
ဘေးစကားကို နားမယောင်နဲ့နော်။

စိန်သရဖူစာပေ

ညီမလေးရေ…
အလှမပြင်နဲ့၊ အလှမမက်နဲ့၊
ဣန္ဒြေတစ်ဆင်စာနဲ့
ယဉ်ယဉ်လေးနေတာ
ရွှေ..၊ မလိုပါဘူးကွယ်။

ညီမလေးရေ…
ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်
မိဘ,ထက် တော်တဲ့ သမီးတစ်ယောက်အဖြစ်နဲ့

လောက,ကြီးကို ပိုပြီး သစ်လွင်လိုက်ပါကွယ်။ ။

(အဝေးရောက် ညီမလေး…သို့)
2001, Jun., 29
2:30 (A.M)
စိန်သရဖူစာပေ

# သူငယ်ချင်းရေ

သူငယ်ချင်းရေ..
ငါတို့နေတဲ့ တိုင်းပြည်
စိန်စီရွှေချ လှပ,သာယာ
မင်္ဂလာအပေါင်း ခ,ညောင်းစေဖို့
ငါတို့ ကြိုးပမ်းကြရအောင်။

သူငယ်ချင်းရေ..
ငါတို့နေတဲ့ ကမ္ဘာ
ငြိမ်းချမ်းသာယာ၊ ညှာတာစိတ်ထား
ချိုးဖြူများစွာ၊ ဝဲပျံလာဖို့
ငါတို့ စွမ်းဆောင်ကြရအောင်။

သူငယ်ချင်းရေ..
ငါတို့နေတဲ့ လောကကြီး၊ ပိုမိုလှပပြီး
မာန်, မာန ကင်း၊ အတ္တချင်း မပြိုင်
ကိုယ့်တစ်နိုင်စာ၊ ကိုယ် ခိုင်မာဖို့
ငါတို့ မျှတကြရအောင်။

စိန်သရဖူစာပေ

## [၇၀] ရိုးမြဲဇာတ်

သူငယ်ချင်းရေ…
ဘယ်သူတွေ‌ တရားပျက်ပျက်၊ ကိုယ် မပျက်ပါနဲ့။
ရိုးသားခြင်း ၊ ကြိုးစားခြင်း များတွေက
တစ်ရက်မက၊ လ…,နှစ် များစွာ
နိုင်မာပါတယ်။

အနှစ်နာခံလို့၊ အကာအရံ "ပျက်"
ရိုးသားခဲ့လို့၊ အရောင် "မွဲ"
အမှောင်ထဲ မနေလို့၊ အဖော် "နည်း"
မင်းရဲ့, ဆင်းရဲတွင်းလည်း၊ နက်ခဲ့ရင်…၊
တိုင်းပြည်နဲ့လူမျိုး။
ကမ္ဘာလောကကြီးအတွက်၊ လူဆိုးမဖြစ်ခဲ့တဲ့
မင်းရဲ့ ဆင်းရဲမှု,
သာဓုခေါ်ပါရစေ။
သူငယ်ချင်း..ရေ…။ ။

2001, Jun., 29
2:55 (A.M)

စိန်သရဖူစာပေ

## ညီလေးရေ

ညီလေးရေ..
လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုကို
သာဓု မခေါ်ပေမယ့်၊ ရင်ခုန်နှစ်သက်ခဲ့ပါတယ်။
ဒါပေမဲ့..
လက်ဖက်ရည်ဆိုင်၊ ကြာကြာထိုင်ရမှာတော့..
အချိန်တွေကို နှမြောတယ်။

ညီလေးရေ..
လမ်းဘေး စာတိုက်တိုင်အောက်
သီချင်းဆိုတဲ့ ဖြေဖျော်မှု
သာဓုခေါ်ပါတယ်၊ ရင်လည်း ခုန်ပါတယ်။
ဒါပေမဲ့..
စာတိုက်တိုင်အောက်မှာ ကြာကြာထိုင်ရမှာတော့..
အချိန်တွေကို နှမြောတယ်။

စိန်သရဖူစာပေ

## [၅၂] ဒီမြဇာတ်

ညီလေးရေ..
ကောင်မလေးတစ်ယောက်..နောက်
တကောက်ကောက်လိုက်၊ ရင်ခုန်လှိုက်ဖို
ကြိုဆိုချင်ပါတယ်။
ဒါပေမဲ့..
သူ့နောက်ကို အချိန်တိုင်း..လိုက်၊ သူ့အနားကို အချိန်တိုင်း..သွားဖို့
အချိန်တွေကို အားနာတယ်။

ညီလေးရေ..
မင်း, လက်ဖက်ရည်ဆိုင်၊ ထိုင်နေတဲ့..အချိန်
မင်း, ဓာတ်တိုင်အောက်၊ ရောက်နေတဲ့..အချိန်
မင်း, ရည်းစားနောက်၊ လိုက်နေတဲ့..အချိန်
အဲဒီ့ အချိန်တွေမှာ..
တခြားသော ကမ္ဘာလူသားတွေခမျာ
အချိန် မလောက်မင,ချဲ့ အလုပ်တွေ လုပ်နေကြတယ် ဆိုတာ...
မင်း.., သိပါရဲ့လား ညီလေးရေ...။

စိန်သရဖူစာပေ



ညီလေးရေ..
"Time is gold" (အချိန်ဟာ ရွှေပါပဲ)၊
ရွှေတွေကို ဖြုန်းတီးမပစ်ပါနဲ့,
ညီလေးရေ...။

2001, Jun., 30
10:40 (A.M)

စိန်သရဖူစာပေ

## [၇၄] ဦးပြူထက်

### မေမေရေ

ဆင်းရဲတွင်းထဲက၊ ခုန်ခုန်ထ,ခဲ့မိလို့
မနာလိုသူတွေနဲ့လည်း၊ ခဏခဏ ရန်ဖြစ်တယ်။
ဖြစ်ချင်တာ မဖြစ်မှာစိုးလို့၊ ဟိုတိုး,ဒီငှေ့နဲ့ ကြုံးပမ်းလာလိုက်တာ
ဆွေမျိုးတွေကိုလည်း၊ မေ့တတ်ပြီ။

အဓိက တရားခံက,တော့
ချစ်သူဟောင်းပေါ့..မေမေ။

မေမေရေ...
မေမေ ပေးထားတဲ့..အဖြူရောင်အင်္ကျီလေး
ကျွန်တော် သိမ်းထားပါသေးတယ်။
အဖြူရောင်က, အပေမခံလို့
ညစ်ထေးမှုတွေ အဝေဖန် ခံရဲအောင်
မည်းတဲတဲလေး ဝတ်ထားခဲ့မိတယ်..မေမေ။

- စိန်သရဖူစာပေ

မေမေရေ…
ကျွန်တော် သေဆုံးတဲ့အခါ၊
ကျွန်တော့်ရဲ့ အင်္ကျီအဖြူလေး၊
ညီလေးတွေကို ပေး, ပေးပါ။
သူတို့ဆီမှာ..
အစွန်းချွတ်ဆေးတော့၊ ရှိကောင်းပါရဲ့။

မေမေရေ…
ကျွန်တော့်ကို၊ လောကကြီးထဲ ရဲရဲဝံ့ဝံ့ ပို့ပေးခဲ့တဲ့အတွက်
ကျေးဇူးတင်ပါတယ်..မေမေ၊
မေမေ့ကို ကျေးဇူးဆပ်ဖို့အတွက်,
လောကကြီးထဲက၊ ကျွန်တော့်လို ကောင်တွေကို
စကားပြောနေပါတယ်..မေမေ။

မေမေရေ…
မေမေ သေဆုံးတဲ့အခါကျမှ၊
သား.., လက်မ ထောင်ပြလိုက်ပါရစေ…။ ။

2001, Jun., 30
8:15 (P.M)
စိန်သရဖူစာပေ



# သော်တာ

လမင်းမှာ ကြယ်တွေဝိုင်း
မြင်လိုက်တိုင်း တင့်တင့်တယ်။
ညမှောင်မှာ
လ,ရောင်ဖျောက်,
ကြယ်ပျောက်လေး အားငဲ့ငယ်။

နောက်တစ်နေ့ နေထွက်တယ်
လ,ကြယ်တွေ အရောင်မွဲ။

စိန်သုရဖူစာပေ

လ,မင်း..မေ လင်းစေချင်ပါရဲ့
ည,နေချို
လ,မေပျို လာမှာလား။
ည,ရောက်ပေမယ့်
လ,ပျောက်နေ အမှောင်မိုက်မှာ..
လှောင်တိုက်အို၊ မျက်ရည်ပြိုလျက်
ကမ်းလင့်ကြို ငိုနေဆဲကွယ်

လ,မင်းရယ်..
မင်း, ဘယ်မှာလဲ မျှော်လင့်မြဲ...။ ။

2001, Jun., 30
1:56 (A.M)

စိန်သရဖူစာပေ

## [၇၈] မှီပြုဇာတ်



### ဝင်ဆယ်အတု

ပျှင်းရိုစရာကောင်းတဲ့
ကမ်းစပ်တစ်ခုပါကွယ်။
ဒို့ကို
တိုက်စားလိုက်စမ်းပါ၊
ပင်လယ်ရဲ့ အသွင်သဏ္ဌာန်ပေါ်လွင်ဖို့
ကမ်းစပ်ကို ရိုက်ခတ်မယ့် လှိုင်းလုံးတွေ
ဘယ်ကမ်းခြေကို ရောက်နေသလဲ။

ကမ်းစပ်ဆိုတာ
ပင်လယ်ရဲ့ ဒဏ်ကို ခံယူနိုင်အောင်
အံကြိတ်ထားရ သူပါကွယ်။

စိန်သရဖူစာပေ

တချို့ပင်လယ်တွေများ
လှိုင်းရိုက်သံ တဝုန်းဝုန်းနဲ့။

သင်းက,တော့..,
ငါ့ မဲ့ပြုံးကိုတောင်
မမြင်ချင်ယောင် ဆောင်ပြီး
လှေငယ်တွေကို
ကျောက်ကုန်းပေါ် တင်ထားလိုက်တာ။

(အချစ်ရေ)...
ငါ့ကို ဒဏ်ရာအစစ်တွေပေး,
သူက,တော့
ပင်လယ် အတုလေးပါ...။ ။

1998, Aug.

စိန်သရဖူစာပေ



## မိုးပြဇာတ် [၂]

ဘဝရဲ့ အလင်းတိုင်
အနာဂတ်ရဲ့ မီးရှူးပန်းခိုင်
အသည်းနှလုံးရဲ့ ကိုယ်ပိုင်အလင်း၊
အဲဒါ..
''မိုး''ကို စတင်တွေ့ရှိခဲ့တဲ့
ကိုယ့်ရဲ့, ချစ်ခြင်းပေါ့ကွယ်။

''မိုး''ရဲ့,
အပူငွေ့လေးနဲ့မှ၊
ကိုယ်က..,
နွေးထွေးခဲ့ရသူပါ။

စိန်သရဖူစာပေ

မေလှရှိ [၈၁]
(ရွှင်းလျှောင်းရှိ)

ဘဝမှာ..အပူငြိမ်း
အနာဂတ်မှာ..သူ့ကြောင့် လူဖြစ်
နှလုံးသားရဲ့ နေ့ရက်အသစ်၊
အဲဒါ..
"မီး"ကို စတင်ချစ်မိခဲ့တဲ့
ကိုယ့်ရဲ့, နှစ်နှစ်ခြင်းပေါ့ကွယ်။

"မီး"မရှိတော့..မှောင်
အချစ်မဲ့စွာ..လျှောင်ပိတ်
အအိပ်ပျက်အောင်၊ သူ..စွမ်းဆောင်
"မီး"ရဲ့ ကိုယ်စား
ပြာမှုန်များကို ထားခဲ့သလား ကွယ်...။

လောင်ကျွမ်းခြင်း..အကြွင်းအကျန်
ရင်ထဲက..နံ့ရံတွေမှာ...
"မီး"..ခ,ခဲ့တဲ့ ခြေရာတွေ ဗရပွ
ဝေဒနာတွေ ခြေမွလို့
ကိုယ့်ဘဝလည်း..
မြေကျခဲ့ရပြီ။

စိန်သရဖူစာပေ

## [၈၂] နှိုးမြူထတ်

ပြာတ် ပြီးသွားလို့
ခနီးတွက် အပြန်
"မီး"ရဲ့ လက်ကျန် သတင်းစကား။
ကိုယ်နဲ့ဝေးရာ၊ ခပ်ခြားခြားမှာ..
နောက်ထပ် ငမိုက်သား တစ်ယောက်ကို
ထပ်မံ လောင်မြိုက် နေပြန်သတဲ့။

"မီး"ရေ..
အသင် လောင်မြိုက်ပါ။
သင့်ရဲ့
ချစ်ခြင်းဆောင် အရောင်ဝါတွေနဲ့
သံသရာ ရေမြေ တကွေ့ကွေ့
ပြန်လည်၍ တွေ့ခဲ့လျှင်..
"မီး"ကို ငြိမ်းမယ့်..ရေ
ကိုယ်..ဖြစ်ပါရစေ။ ။

2001, Jun., 24

ဝိန်းသရဖူစာပေ

[၈၃]

# ဝ, ယော်ဇွေ

တစ်ကြိမ် တစ်ခါလောက်
အားတင်းလိုက်ပါကွယ်။

အားလုံးက
ရေစုန်မှာ...မျော၊
ကိုယ်က,
တစ်ယောက်တည်း
ရေဆန်မှာ မောနေရသူပါ။

စိန်သရဖူစာပေ

[၈၄] ရှိုပြဆတ်

မင်း..ကျောခိုင်းထားတာ
ကိုယ့်ရဲ့ ရေဆန်လမ်းပါကွယ်၊
ရေဆန်ကို အတူကျော်ဖို့
လူတော်တစ်ယောက်တော့ မဟုတ်ပါဘူး။
ဒါပေမဲ့...
အနားမှာ မင်း ရှိရင်၊
ကိုယ်.., အလိုလို တော်လာပါလိမ့်မယ်။
တို့နှစ်ယောက်၊
ပျော်ပျော်ကြီး ဆန်တက်ရအောင်ပါ။
ရေစုန်မျောတဲ့ အလုပ်
သူတို့တွေပဲ လုပ်ပါစေ။

တို့ နှစ်ယောက်တွဲ
ရေကိုခွဲလို့
ရေဆန်ထဲကို လျှော်ရအောင်။ ။

2001, Jun., 27
5:55 (P.M)
ဗိန္ဒသာရပ္ပစာပေ


[၈၅]
ဆန့်ကျင်ဘက်
ရာမ မင်းသား လေးကိုင်း အမ
ဒဿဂီရိ မုန်တိုင်းထ
လက္ခဏာ မင်းသား ပင့်သက်ချ။
ငါသာဆိုရင်
မယ်သီတာ ဘယ်လောက်လှလှ
ပြိုင်ပွဲဝင်ဖို့ စိတ်မကြွ။
စိန်သရဖူစာပေ



## [၈၆] ဒီပြဇာတ်

ပြိုင်ပွဲရ သရဖူကြီးနဲ့
မိန်းမလှ တစ်ယောက်ကို သိမ်းပိုက်ရမှာ
မလိုလားလို့ပါ..မေ။

ချစ်သူ့ခြေလှမ်း အကြွ
ငါ့ရင်ထဲမှာ ဂယက်ထ,
ဘယ်သူနဲ့မှ မယှဉ်ပြိုင်ရဘဲ
လွမ်းတသသ, ချစ်ပါရစေ။ ။

2001, Jun., 30
3:30 (A.M)

စိန်သရဖူစာပေ



## ကွဲကွဲကွာကွာ

ကန့်လန့်ကာ အမှာ
တွယ်တာစ,လေး တစ်စ,လောက်
ပစ်ချလိုက်ပါ။

အိပ်မက်ထဲက လန့်နိုးပြီး
မှောင်မိုက်ထဲမှာ လောင်မြိုက်ရင်း..
ချောင်ကပ် ကြေကွဲ နေရဲ့သူပါ။

ပြတင်းတံခါး အဖွင့်
မင်း နားစွင့်ရင် ကြားလိမ့်မယ်။
ဘယ်အရပ်က လာမှန်းမသိတဲ့
သီချင်းသံတွေက,
မင်း ရှေ့မှာ မေးတင်ပြီး..
ခြောက်သွေ့စွာ မော်ကြည့်နေကြတယ်။

စိန်သရဖူစာပေ

## [၈၈] နှိုးပြဇာတ်



အိပ်တော့မှာလား
စိတ်လျှော့ အားငယ်ပြီး
ခြေပစ် လက်ပစ် ဖြုံချလိုက်မယ့် အစား၊
မနက်ဖြန်အတွက် အားတင်းပြီး..
သံယောဇဉ် မြားတစ်စင်းနဲ့
အနာဂတ်ကို လေးတင်လိုက်စမ်းပါ။ ။

2001, Jun., 30
2:40 (A.M)

စိန်သရဖူစာပေ



[၇၉]

# အချစ်၏နောက်ခံသမိုင်း

မချစ်ဘဲ မနေနိုင်တာလား
မတွေ့ဘဲ မနေနိုင်တာလား
ကွဲပြားပါ သူငယ်ချင်း။

မလွမ်းဘဲ မနေတတ်တာလား
မနမ်းဘဲ မနေတတ်တာလား
ခွဲခြားပါ သူငယ်ချင်း။

ခင်တွယ်မြတ်နိုးတာလား
ငြိတွယ်နှစ်မွှန်းတာလား
စဉ်းစား၊ဆန်းစစ်ပါ သူငယ်ချင်း။

စိန်သရဖူစာပေ

## [၉၀] ရှိုက်ဖြထပ်



ချစ်သူဆိုတာ..
ဘယ်ကိုသွားသွား၊ ဘယ်နားနေနေ
ဘာတွေလုပ်လုပ်,
သူ့ ကနုတ်ပန်း၊ ရင်ထဲ လန်းလျက်
သူ့ အရုပ်လေး၊ ရင်ထဲ ရွေးလျက်၊
မတွေ့ဘဲလည်း၊ မြင်တတ်တယ်
မနမ်းဘဲလည်း၊ လွမ်းတတ်တယ်
မငြိစွန်းဘဲ၊ ခင်တွယ်တယ်။

တမျှော်တဝေး၊ အဝေးဝေးလည်း..
အတွေးလေးနဲ့၊ ဆွေးရဲ့တယ်...။ ။

2001, Jun., 30
3:20 (P.M)

စိန်သာရပွစာပေ


[၉၁]
ရေမှုန်များစွာ စုပွဲ့ထား
လေဆောင်ရာမှာ နား
တစ်စ တစ်စ ပျက်စီးသွား…။ ။
1999, Sep., 1
စိန်သရဖူစာပေ



## ဝမ်းနည်းခြင်းအထိမ်းအမှတ်

"မီး"လောင်ပြီးစ
တစပြင် တစ်ခုလို
ပြာကျ ကျန်ရစ်ခဲ့မယ်..လို့ ထင်သလား။

"အချစ်"ကို
မီးရှူးတိုင်လို ကိုင်မြှောက်ပြီး
...၊ လမ်းလျှောက်ခဲ့သူပါ။
မီးစာကုန် ဆီခမ်း
အချစ်က ညာနမ်းသွား..လို့
နည်းနည်းတော့ လွမ်းတတ်ပါတယ်။

စိန်သရဖူစာပေ

[၉၃]



ငါ..ကံကောင်းတာက
"မီး" သေသွားပေမယ့်၊
နေမင်း..လမင်း
ကြယ်, ပန်းခင်းတွေက
ငါ့ မနက်ခင်းကို လင်းစေတယ်။

ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်
အချစ်ကို..
သံသယတွေနဲ့ ပစ်ပေါက်လိုက်မိတယ်။ ။

2001, Jun., 30
3:45 (P.M)
စိန်သာရှုစာပေ

## သံယောဇဉ်အကျဉ်းချုပ်

ငြိမ်းမရတဲ့..“မီး”
အသီးအနှံမရှိတဲ့..အပင်
အရိပ်မရှိတဲ့..ရင်ပြင်ကျယ်
ခရီးနှင်လျက် မရွေ့လျား။

အမုန်းနဲ့လည်း..ဖြတ်
ဦးနှောက်နဲ့လည်း..သတ်၊
ကိုယ့်ဇာတ်ကိုယ် မနိုင်တဲ့သူလို
လက်မှိုင်ချ ငုတ်တုတ်ထိုင်,

(နောက်ဆုံးတော့)
သူက,ပဲ အနိုင်ယူယူသွား...။ ။

2001, Jun., 30
3:40(P.M)

စိန်သရဖူစာပေ

[၉၁]



# သူ့အလိုကျ

သူ့ အလိုကျ
ငိုပြချင်သည်။

ငိုလေ...ရိုက်လေ
ဒဏ်ရာတွေကြောင့်,

သံသရာတွေလည်း ထပ်ခဲ့ပြီ။ ။

1999, Dec.

စိန်သရဖူစာပေ

မြရွှင်းချက်

လမ်းခွဲစကားကြောင့်
ဝမ်းနည်းသလား ဟင်။

ထားမိခဲ့ သံယောဇဉ်
မြင်တတ်အောင် သခင်ကြည့်၊
ထွေးအိ ရိပ်ထင်။

စိတ်ဓါတ်ပြစ်စဉ်
မြစ်ပြင်လို မကွေ့ကောက်။

မေ့လောက်အောင် မမာနိုင်တဲ့ အသည်းပေမယ့်၊
လက်တွဲလျှင် လွမ်းဝန်ပိ
ရှေ့ကြည့်လျှင် ရင်ပြင်ဆိုး၊
မြတ်နိုးသူ ချစ်သူ မိုးဖို့
ထီးကျိုးရှာ ကာလ,များရယ်ကြောင့်
အားနာတာ သခင်, မြင်ပါသလား၊

စိန်သရဖူစာပေ

[၉၇]

နှံ့ထဲ ဗွက်ပေါက် ခြေမထောက်စေဖို့
တူမျှစွာ နေရာရှာပြီး
ဝေဒနာကို ခြေရာဖျောက်လျက်
နောက်ချန်ကာ တွေဝေမိပါရဲ့

(အချစ်ရယ်...
ရင်ထဲမှာ)

ရက်ရှည် တလျှောက် မျက်ရည်ပေါက်။ ။

2001, Jun., 30
5:00(P.M)
စိန်သရဖူစာပေ

## တေရှိ

အလွမ်းမပါတဲ့
ပြဇာတ်တစ်ပုဒ်လောက် က,ချင်တယ်။

မျက်ရည်မကျဘဲ
ငိုတတ်ချင်တယ်။

ဘယ်သူက, ဘာပြောပြော
နားမယောင်တတ်တဲ့ နှလုံးသားတစ်ခုလောက်,
ကောက်ရရင် ကောင်းမယ်။

စိန်သရဖူစာပေ


[၉၉]

လူကုံထံ အသိုင်းအဝိုင်းကို
ပုတ်ခတ်တာတော့ မဟုတ်ဘူး။
နင်တို့က, ..ခဏခဏ လက်ဆေးတယ်
ပြီးတော့..,
နင်တို့က, သိပ်စည်းကမ်းကြီးလွန်းတယ်။
တို့မျက်ရည်တွေနဲ့
နင်တို့, လက်ဆေးမှာ စိုးတယ်။
အဲဒါကြောင့်,
ဘယ်တော့မှ မျက်ရည်မကျချင်တာပါ။
လွမ်းလွန်းလို့,
အော်ဆိုတဲ့ သီချင်းတွေကို
ခွေးနဲ့ ရှုးတိုက်လိုက်တာတော့၊ ရက်စက်လွန်းတယ်။
အဲဒါကြောင့်,
ဘယ်တော့မှ မလွမ်းချင်တာပါ။

လွမ်းခွင့်ပြုမယ်ဆိုရင်တောင်,
ဘယ်သူက လွမ်းဖွဲ့တော့မှာလဲ။

ခွေးကိုက်မှာ ကြောက်တယ်။ ။

2001, Jul., 1
12:55 (A.M)
စိန်သာရပ္ပူစာပေ



**ယခင်ထမှ အဆက်**

ရည်းစားတွေ..
များတယ်။

ချစ်သူ..
ရှားတယ်။

ချစ်သူကို ရှာတွေ့တယ်
(သူ့ကို လက်ထပ်ဖို့)
ငွေ... ... မရှိဘူး။

ငွေတွေ... ... ...
ရှာတယ်။

[၁၀၁]



ငွေတွေ ရပြီးတဲ့..နောက်

အမေ..,

ထောင်ဝင်စာ လာတွေ့ရတယ်။

ချစ်သူက,တော့

လက်ထပ်သွားပြီ။ ။

2001, Jul., 2

2:00 (A.M)

စိန်သာရုပ္ပစာပေ

[၁၀၂] ဗိုလ်ပြုံးဇာတ်

## ကျေးဇူးတင်လွှာ

ချစ်သူ ပြုံးပြလိုက်လို့
မိုနာလီဇာ ပန်းချီကားတွေ
ဈေးကျသွားတယ်။

ကိုပ်ဝင်းစလက်ရဲ့
နှုတ်ခမ်းလေးကို
မြင်ဖူးတယ် မဟုတ်လား။
အဲဒါ..
ချစ်သူဆီက ခဏငှားသွားတဲ့
နှင်းဆီတစ်ပွင့်ပေါ့။

ဖူဂျီယားမား မီးတောင်ကြီး
ပေါက်ကွဲတုန်းက
စီးကျလာတဲ့ ချော်ရည်တွေကို
ပူမယ်လို့တောင် မထင်ဘူး။
ချစ်သူ ငိုတုန်းကတော့
သူ့မျက်ရည်တွေကို မြင်ရတာ
ရင်မှာ..ပူလိုက်တာ။

စိန်သရဖူစာပေ


[၁၀၃]
အညတာရ ပန်းတစ်ပွင့်ကို
ချစ်သူ ပန်ဆင်လိုက်တဲ့အခါ..
တခြားပန်းတွေ အကုန်လုံး
ဈေးနှုန်းတွေ ကျသွားတယ်။
ချစ်သူပန်တဲ့..ပန်း
ဘာပန်းလဲ
သိလား။
အဲဒါ...
ကျွန်တော် ပေးတဲ့ အချစ်ပန်း။ ။
2001, Jul., 2
2:45 (A.M)
စိန်သရဖူစာပေ

## တာနော့ယက္ခ

ကောင်မလေးရေ…
မင်းကို ကိုယ်က
မျိုချထားပြီးသားပါ။

သမုဂ္ဒ သီဂီကို ရွှေကြုတ်ထဲ ထည့်ပြီး
အာခံတွင်းထဲ ငုံထားခဲ့တဲ့
တာနော့ယက္ခ ကြီးလိုပေါ့။

အာခံတွင်းထဲ ငုံထားတာတောင်
သမုဂ္ဒ သီဂီက,
ရွှေကြုတ်ထဲမှာ..
ဝိဇ္ဇာဓော်ဂျီနဲ့ လော်လီဖောက်ပြား
မှောက်မှားသေးသတဲ့။

အဲဒါကို ကြားဖူးလို့
ငုံထားတဲ့အလုပ် ကိုယ်မလုပ်ဘူး။
ကောင်မလေးကို
နှလုံးသားရွှေကြုတ်ထဲ ထည့်ပြီး
တစ်ခါတည်း မျိုချထားလိုက်တာပါ။

စိန်သာရပွစာပေ



[၁၀၅]

ကောင်မလေးရေ..
ခေတ်သစ် ဝီရှာဇော်ဂျီတစ်ပါး
မင်းအနားကို လာတဲ့အခါ
ကိုယ် အိပ်နေပါ့မယ်။

ချစ်သူကိုမှ မယုံကြည်ရရင်
မျိုးချထားတာမှ စိတ်မချရရင်..,
ကိုယ့်နှလုံးသား၊ လုံးပါး ပါးပြီး
အစိပ်စိပ် အမွှာမွှာ ကွဲသွားစမ်းပါစေကွယ်။ ။

2001, Jul., 2
12:30 (P.M)

စိန်သရဖူစာပေ

## မှန်တင်ခဲ့

မကျေနပ်ဘူး လို့
ပြောနေရုံနဲ့
ကျေနပ်စရာ ကောင်းလာမှာ မဟုတ်ဘူး။

ကိုယ်..ကိုယ်တိုင်က
ချိုမိုင်မိုင်လောက် က,တတ်ပြီး
ထိုင်ရာက, မထ
တစ်လက်မ,လောက်သာ
မြင့်တက်နေတာလား
စဉ်းစား။

မိုင်ပေါင်းများစွာ တွေးမြင်ရင်
မိုင်ပေါင်းများစွာ ထ,လျှောက်
လမ်းဘေးက
ပန်းဆွေးတွေကို ထားခဲ့။

စိန်သရဖူစာပေ



[၁၀၇]

ညှို့တဲ့သူတွေ
ညှို့တဲ့နေရာမှာ..နေ
တော်ချင်တဲ့ သူတွေ
တော်မယ့်နေရာကို..သွား။

ရှေ့ကို ရောက်တဲ့အခါ
နောက်မှာ ကျန်ခဲ့တဲ့
မကျေနပ်စရာတွေ..
သူ့အလိုလို သေသွားလိမ့်မယ်။

မကျေနပ်ဘူး လို့
အော်ပြောနေရုံနဲ့
ကျေနပ်စရာ ဖြစ်လာမှာမှ မဟုတ်ဘဲ။

ကိုယ့်တော်ရင်..
ဘယ်အရာမဆို ကျော်နိုင်ရမယ်။ ။

2001, Jul., 2
1:15 (P.M)

စိန်သရဖူစာပေ

မကြူမီ

ဒီ ကောသာ
လေမှာ ဖြန့်ခင်းလိုက်ရုံနဲ့
ဒီ မြေမှာ
(ပန်းတွေအကုန်လုံး)၊ မွှေးပျံ့သွားရင်
ကောင်းမယ်။

ဒီ နှုတ်ခမ်း
အလွမ်းစကားလေး ဆိုလိုက်ရုံနဲ့
(မှသားတွေအကုန်လုံး)၊ ဆိတ်သုဉ်းသွားရင်
ကောင်းမယ်။

ဒီ နှစ်လက်
တွယ်ယှက်ထားလိုက်ရုံနဲ့
ဒီ နှစ်ဖက်
(မကောင်းမကွာ)၊ ကြင်ကြင်နာနာလျှောက်ရင်
ကောင်းမယ်။

စိန်သရဖူစာပေ

[၁၀၉]

ဒီ ခြေလှမ်း
ကုဋေတစ်သန်းကို ကျော်နိုင်းပြရုံနဲ့
ဒီ နွေလမ်း
(အမြဲတမ်း) စွတ်စို စိမ်းလန်းနေရင်
ကောင်းမယ်။

ဒီ တစ်ရက်
တွယ်ဖက်ထားလိုက်ရုံနဲ့
ဒီ တစ်သက်
(တွယ်မက်စွာ) မဝေးမကွာ မြတ်နိုးနေရင်
ကောင်းမယ်။

ဒါပေမဲ့လေ
မကြာမီမှာ..
တီတာသံပေး၊ ကျေးငှက်လေးတွေ
အလွမ်းတေးကို ဆိုသွားတယ်...။ ။

2001, Jul., 2
5:40 (P.M)

စိန်သရဖူစာပေ



## ငွေသဉ္ဇာ

ဥသြ
တစ်ကောင်...၊
ရွက်ဟောင်း...
ကြွေကျ...,
အနွမ်း။

တစ်နှစ်အကူး
ပုရစ်ဖူး
မြ...,
နုမျစ်စ...။ ။

2001, Jul., 2
8:10 (P.M)
စိန်သရဖူစာပေ

[၁၁၁]
(ချင်းချောင်းစွဲ)

## အနွယ်တော်

မင်းဘာယ်သူလဲ
မသဲကွဲရင်
မင်းရင်ထဲကို ခွဲကြည့်ပါ။

မင်းရဲ့အသည်း
အရောင်မွဲရင်
အမှောင်ထဲက ထွက်ခဲ့ပါ။

မင်းရဲ့အသည်း
အရောင်လဲ့ကြည် ရဲရဲနီရင်..

မြန်မာပြည်ကို ချစ်လိုက်ပါ...။ ။

2001, Jul., 2
6:20 (P.M)
စိန်သရဖူစာပေ

# [၁၁၂] နှင်းပြာလတ်

## ဖွေးနှစ်ဇော်

တောင်ပံတစ်တွေ
(အတူပျော်တဲ့)
မောင်နှံတွေ ဖြစ်ခဲ့လေသလား။

မျဉ်းကြောင်းဖြစ်လည်း
တစ်လိုင်းတည်းသာ၊
ငှက်ဖြစ်ရင်လည်း၊ တစ်ကိုင်းတည်းနားဖို့
ဆုတောင်းစကား၊ ဆိုခဲ့လေသား။

သံသရာ တလျှောက်
ဘယ်နှစ်ခေါက် ဘယ်နှစ်ခါ
ဘယ်မှာ ဆုံခဲ့ပါသေးသလဲ။

အတူဆုံ..အတူသွား
အတူနား..အတူသေ
သံသရာတွေ ရှည်လေသမျှ
ကံကြမ္မာတွေ ဗရပွပေါ့။

ကံကြမ္မာဂိတ်ဆုံး
သံသရာ ဆိတ်သုဥ်းတဲ့အထိ၊
သတိမပေ့ါ၊ ဟန်မပျော့ဘဲ
လိုက်ခဲ့ပါတော့၊ အချစ်ရေ..။

သံသရာ တစ်ဘက်အကူး..သို့
ရည်စူးလို့ ချစ်ပါရစေ...။ ။

2001, Jul., 2
8:40 (P.M)
မိန့်သရဖူစာပေ

**အလှကြည့်ဖဒီ**

ဘာမှ
မျှော်လင့် မထားဘူး။

စကားသံချို၊ ငယ်ဟန်ပျိုနု
ပုလဲဥသီ၊ သန္တာရည်သွေး
ဖွေးဖွေးလေးက
ပြုံးပြနေရင် ကြည့်နူးတယ်။

ခိန်သရုပ္စာပေ

ဘာမှ
မလိုချင်ဘူး။
မျက်ဝန်းတစ်ကြည့်၊ ရင်ထဲနွေးရာ
မျက်တောင်ဖြာကော့၊ ညိုမှောင်ကြော့က
မော့ကြည့်နေရင် ကြည်နူးတယ်။

ဘာမှ
မရှိချင်ဘူး။
သံစဉ်ချိုမြ၊ အလှတရား
သူ့အပါးမှာ၊ တီတာခွန်းဆင့်
အလွမ်းနှင့်လူ၊ ရင်အပူမိ
သူ..မသိလည်း...

သူ ရှိနေရင် ကြည်နူးတယ်။ ။

2001, Jul., 3
1:20 (A.M)
စိန်သရဖူစာပေ

## အကြွင်း

တို့ နှစ်ယောက်
ခွဲခွာပြီးတဲ့ အခါ
ဘာတွေကျန်ရစ်ခဲ့မယ် ထင်သလဲကွယ်။

ကိုယ် ခွာကျွေးခဲ့တဲ့
နေကြာစေ့လေးတွေလည်း…
ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး။

မိုးသက်လေပြင်း ကြားမှာ
မလုံမလဲ ဆောင်းခဲ့ကြတဲ့ ထီးတစ်လက်လည်း..
ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး။

စိန်သရဖူစာပေ

မင်း စားဖို့..နယ်ဖတ်ပေးခဲ့တဲ့
ကြက်သားဖတ်လေးတွေလည်း
ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး။

အတူတူမှီတွယ် ကြည့်ခဲ့ကြတဲ့
နောက်ဆုံးတန်းက၊ ရုပ်ရှင်လက်မှတ်လေးတွေလည်း..
ကျန်ရစ်ခဲ့မှာ မဟုတ်ဘူး။

တစ်ယောက် အလွမ်း။ တစ်ယောက် မုန်းဆ
တသ, တွေးမြင်၊ တို့ရင်ခွင်မှာ
သံယောဇဉ်သာ ကျန်ခဲ့မယ်။ ။


2001, Jul., 3
2:15 (P.M)
စိန်သာရပ္ပစာပေ



## နှိုင်းတဲ့ည

အိပ်မက်ချိုဆိမ့် တစ်ခွက်နဲ့
သံယောဇဉ် ပါးပါးလေးတစ်ချပ်ကို
ဟမ်ဘာဂါထဲ ထည့်ပြီး
ချစ်သူကို ကျွေးခွင့်ရရင်..
ဒီည..,
အရက်သောက်ဖို့ မလိုတော့ဘူး။

ငါ..အရက်သောက်တတ်ခဲ့တာ...
ချစ်သူမှာ တာဝန်နည်းနည်း ရှိတယ်။


အရက်သောက်ရင်..
ဦးနှောက်တွေ ဆူတယ်
အသည်းနှလုံးတွေ လောင်ကျွမ်းတယ်
အိပ်မက်တွေ ပျက်စီးတယ်။
အဲဒါကြောင့်ပါ
ဒီညတော့..(အချစ်ရယ်)
ငါနဲ့အတူ အအေးလာသောက်ပါ။
မင်းကို စကားပြောချင်လို့။ ။
2000, Dec., 8
12:30 (P.M)
စိန်သရဖူတာပေ

## အမျှော်နှာစောင်း

အရင်လို
ကြည့်မကောင်းတော့ပါဘူး။
ဟိုစဉ်အခါ..
နှုံးသာချွေးစက်၊ ပါးကွက်ပါးပါး
မျက်နှာထားလေး။ မွှေးမွှေးပုံ့ပုံ့
ဖြူစင်ခန့်ထည်,
မလည်ဝယ်သေး၊ ငယ်အသွေးပေ့။

အခုတော့..
လှတော့ လှပါတယ်။
ငယ်သွေးပြယ်လွင့်၊ နှုံးသာနှင့်..ဝေး
ဆေးသားရင့်ပြင်၊ ပိုင်ရှင်အရှိ
ငွေဝန်ပိပြား။ ပိန်သွားသလိုလို၊
ဘဝ,နို့...ခါး။ ပျော်ရည်များနဲ့
ကကြိုးယစ်တွေ။ ဒေါင်းမ,လေးပေ့။

စိန်သာရဖူစာပေ

[၁၂၁]



အရင်လို

ကြည့်မကောင်းတော့ပါဘူး။

တမျက်နှာပေါင်း၊ မင်ရောင်ပြောင်းပြီး

တလုံးပေါင်း‥မှား၊ သူ့ အနားမှာ‥

မှုသားမှိုးတွေ ရှာနေသည်…။ ။

2001, Jul., 3

2:00 (A.M)

စိန်သရဖူစာပေ



## ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း

ဆင်းရဲလို့
သဘောမတူဘူး ဆိုရုံနဲ့
အားမငယ်ပါဘူးကွယ်။

ဒါဟာ..
လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက
ဘယ်သူ ချမှတ်ခဲ့မှန်း မသိတဲ့
ဇာတ်လမ်း ဇာတ်ကွက် တစ်ခုပါ။

စိန်သရဖူစာပေ

တကယ်လို့..,
မင်းနဲ့ကိုယ်..ပေါင်းဖော်ခွင့် ရခဲ့ရင်လည်း..,
သမီးလေး မွေးတဲ့အခါ..၊
သမီးလေး အရွယ်ရောက်၊ လူလားမြောက်ရင်
ကိုယ်တို့ရဲ့, သမီးလေးကိုလည်း..

ပညာတတ် လူကုံထံ တစ်ယောက်ယောက်နဲ့
စုံဖက်စေချင်မှာပဲ မဟုတ်လား။

မင်း မိဘတွေ မမှားပါဘူး။
အဲဒါကြောင့်,
ကိုယ့်ကို ထားခဲ့လိုက်ပါ...။ ။

2001, Jul., 4
2:45 (A.M)

စိန်သရဖူစာပေ

[၁၂၄] ဒိုးပြဇာတ်



## ကမ္ဘာကျန်းမာရေးအခြေအနေ

ဤကမ္ဘာကို
အချစ်နဲ့ တည်ဆောက်ထားပါတယ်။
(မချစ်တတ်သူများ)
ရန်မဖြစ်ရ၊

ဤကမ္ဘာကို
မေတ္တာနဲ့ တည်ဆောက်ထားပါတယ်။
(မုဆိုးများ)
စိတ်မဆိုးရ။

စိန်သာရဖူစာပေ

ဤကမ္ဘာကို
သစ္စာနဲ့ တည်ဆောက်ထားပါတယ်။
(လက်ထပ်သွားသော ချစ်သူဟောင်း)
မဲ့ပြုံး မပြုံးရ။

ဤကမ္ဘာကို
သံယောဇဉ်နဲ့ တည်ဆောက်ထားပါတယ်။
(သစ်ခုတ်သမားများ)
မကာနဲ့ကွက်ရ။

အချစ်...မေတ္တာ...
သစ္စာ...သံယောဇဉ်...
အဲဒါတွေ အပြင်...,

ရင်မောစရာလည်း, ရှိတတ်တယ်။ ။

2001, Jul., 5
12:30 (P.M)
စိန်သရဖူစာပေ

## သိုက်

တချို့များ ပြောပါတယ်
သူဌေးသားနဲ့ ရည်းစားဖြစ်တာ..
ဖုတ်သွင်းရထားပဲ ဆိုက်သလိုလို။

တချို့များ ပြောပါတယ်
သူဌေးသမီးနဲ့ ချစ်သူဖြစ်တာ..
စိန်တုံးကြီးပဲ ကောက်ရသလိုလို။

(ဘားနတ်ရှော)ကတော့ ပြောပါတယ်
''စည်းစိမ်ဥစ္စာအတွက် အိမ်ထောင်ပြုတာ
ပြည့်တန်ဆာနဲ့ အတူတူပဲ''..တဲ့။

ညီမလေးက..ကိုယ့်အမျိုး ကိုယ်..ကြည့်
ညီလေးက..ကိုယ့်တန်ခိုး ကိုယ်..သိ၊
ညီမလေးက..ဣန္ဒြေရှင်
ညီလေးက..ပညာရှိ၊

[၁၂၇]

ကြာနွေနဲ့..ပညာ
စိန်ရွှေနဲ့ ယှဉ်စရာလား။
"မိုနို"..ဆိုတဲ့ စကားလုံးကို
ချိန်ကိုက်ဗုံးလို ကြောက်စမ်းပါ၊
"ထဘီနားရိပ်"ဆိုတဲ့ စကား
မကြားဖူးအောင် ရှောင်ကြဉ်ပါ။

တချို့များ ပြောပါတယ်
မင်္ဂလာဆောင်တာတောင်..
သူဌေးသမီးက ဆောင်ပေးသတဲ့၊
ဂုဏ်ယူတာလိုလို၊ မိုနိုတာလိုလိုနဲ့။
ချစ်သူနဖူး သိုက်တူးတာ
"ဘ"နဖူး သိုက်တူးတာထက်..ပိုဆိုးတယ်။

ကိုယ်ကတော့...
ရှက်တတ်လို့ပါ အချစ်ရယ်...။ ။

2001, Jul., 4
9:30 (A.M)
စိန်သရဖူစာပေ



## သက်ထမ်း

"တာဝန်ကျေပါရစေ" …။

အမေ့အတွက်
ဓားတစ်လက်လောက်
တာဝန်ကျေပါရစေ။

ချစ်သူ့အတွက်
ထီးတစ်လက်လောက်
တာဝန်ကျေပါရစေ။

အားလုံးအတွက်
မြားတစ်ချက်လောက်
တာဝန်ကျေပါရစေ။

စိန်သရပ္ပစာပေ

[၁၂၉]

တာဝန်ကျေပါရစေ..
တာဝန်ကျေပါရစေ..လို့
ပြောပြပိုယ်သိုရင်း။

တာဝန်ကျေပါရစေ..
တာဝန်ကျေပါရစေ..လို့
ညည်းတွားတောင်းဆိုရင်း။

ဘာတာဝန်မှ မသယ်ပိုးရဘဲ
သူ..
ဘဝ,တစ်ပါး ပြောင်းသွားတယ်။ ။

2001, Jul., 5
1:00 (P.M)
စိန်သာရဖူစာပေ

## မီးသတိပြု

"မီး"ကို
လက်ခံထားသူများ ခင်ဗျား။
"မီး"က..လောင်မြိုက်တတ်တယ်
လေပင့်မခံဘူး။
(အကိုင်အတွယ် မတတ်ရင်)
သူခိုးဓားပြထက် ကြောက်စရာကောင်းတယ်။

"မီး"ကို
လက်ခံထားသူများ ခင်ဗျား။
"မီး"က..အလင်းရောင်ဖြစ်တယ်
အမှောင်ထုကို ကျေးဇူးပြုတယ်။
(အကိုင်အတွယ် တတ်ရင်တော့)
တကယ့် ပိုးစုန်းကြူးလေးပါ။

[၁၃၁]

''မိုး''ကို
လက်ခံထားသူများ ခင်ဗျား။

ခင်ဗျားတို့ ကမ္ဘာ
ပြာမှုန်ဖြစ်သွားတဲ့အခါ..
''အချစ်ဟာ..မိုးလား''..လို့
အော်ဟစ်ညည်းတွားခြင်း သည်းခံပါ။

ဒါပေမဲ့..
အကောင်းဆုံးက
''မိုး''ကို သတိပြုဖို့ပါ။ ။

2001, Jul., 5
3:15 (P.M)


စိန်သရဖူစာပေ

## ဖော်ရုံဘော

မပြုံးမရှု
သူ ကြည့်ဖြုံးအောင်
မနှောင်မဖွဲ့
သောင်မဲ့တဲ့..ကမ်း
ကိုယ့်ရဲ့လမ်းကို
စမ်းချောင်းလေးနဲ့ သွယ်ထားမယ်။

လှလှပပ
သူ ကြည့်မြဲအောင်
ဘဝလျှောင်တိုက်
အမှောင်မိုက်...လမ်း
ကိုယ့်ရဲ့နှန်းကို
ပန်းပွင့်များနဲ့ ခင်းထားမယ်။

စိန်သရုပ္ပစာပေ


[၁၃၃]
မမေ့မမုန်း
သူ့ရှင်ပြုံးအောင်
ရင်အပူနုံး
အရှုံးနဲ့ နွမ်း
ကိုယ့်အလွမ်းကို
နင်းကြမ်းခဲနဲ့ ဖုံးထားမယ်။
ဟန်ဆောင်မျိုးသိပ်
ကိုယ့်ကွန်းရိပ်ခို
သူ..ချိုမြိန်ဖို့
စည်းစိမ်တွေကို စွန့်လိုက်တယ်။ ။
2001, Jul, 5
8:50 (P.M)
စိန်သရဖူစာပေ

## [၁၃၄] နိုပြဇာတ်

### နှစ်ပါးသွား

''မီး'' မသေသေးပါ။
အချစ်..မီး၊ စစ်,မီး
လောဘ..မီး၊ ဒေါသ,မီး
သောက..မီး၊ မောဟ,မီး
... ... ..., ... ... ...,
ထို..., ..., ...
မီး..., ..., ဖြင့်
တစ်ကိုယ်တည်း..တောက်လောင်
မှောင်တဲ့အခါ..မှောင်
လင်းတဲ့အခါ..လင်း။

ပြည်ဖုံးကား မချမချင်း
မိုးမလင်းမီ စပ်ကြား၊
''မီး''ရထားကြီးနဲ့
ခရီးသွားနေကြရတယ်...။ ။

2001, Jul., 8
3:40 (A.M)

စိန်သရဖူစာပေ


[၁၃၅]
ညအလင်္ကာ
အချစ်ရယ်..
ည,တိုင်းတော့ မှောင်နေတာပါပဲ။
လူသားထုရဲ့ ညဏ်ရောင်ကြောင့်သာ
မီးရောင်တွေ ထိန်ထိန်လင်းနေရတာပါ။
(အယ်ဒီဆင်ကို အားနာစရာ)
လ,ရောင်ကိုသာ တမ်းတမနေပါနဲ့၊
နေ့ခင်းကြောင်တောင်
မမှောင်မိုက်အောင် နေတတ်ရင်..
ကျေနပ်စရာပါကွယ်။
စိန်သရဖူစာပေ

## [၁၃၆] ကြိုမြစေတတ်

လ,မိုက်သွားတာလေးနဲ့
ညထဲမှာ မင်း ငိုရှိုက်နေမလား။
လမင်း..
လင်းလင်း..မလင်းလင်း
အချစ်နဲ့, ထွန်းလင်းကြရအောင်ကွယ်။

အမှောင်ကို မြင်ရင်
ရှောင်ချင် ရှားချင်တဲ့..စိတ်
ရင်ထိတ်စရာပါ။

အမှောင်ကို ထွန်းလင်းဖို့
မင်းတို့..ကိုယ်တို့
လက်တို့ စွမ်းဆောင်၊
ကိုယ့်အလင်းရောင်နဲ့ ကိုယ်, ခရီးသွား
ပိုးစုန်းကြူးများစွာကို

အားနာကြရအောင်ကွယ်...။ ။

2001, Jul., 6
10:20 (P.M)

စိန်သရဖူစာပေ


[၁၃၇]
ဇာတ်သိမ်းဝိုင်း
ခြတောင်ပို့ကို
ဘုရားတည်ခဲ့တဲ့
ဘဝရဲ့ နရီစည်းဝါး
အမှားတွေကြားမှာ...
ငါနဲ့အတူ..၊ စုံတွဲ က,ရဲသလား။
စိန်သရဖူစာပေ



မြစ်ကြောင်းကြီးက , ကွေ့ကွေ့ကောက်ကောက်
ကမ်းစပ်ကလည်း , သွေ့သွေ့ခြောက်ခြောက်
ပင်လယ်ထဲက ရေတစ်ပေါက်ကို
ခပ်သောက်နေရတဲ့
ငါ့ဘဝ..ငန်ကျိုကျိုထဲမှာ..
သင့်ရဲ့လှေငယ်,
လှော်ခတ်ဖို့ လွယ်ပါ့မလား။

ငါ့ ကမ္ဘာ,
ပျက်သွားတော့မယ့် အခါ,
ငါ့ရင်ခွင်ထဲကို
အားကိုးတကြီးနဲ့ ဝင်လာဖြစ်ခဲ့ရင်
သင်ဟာ..
ငါ့ချစ်သူ အစစ်အမှန်။

စိန်သရဖူစာပေ



ဒါပေမဲ့..
သေသေချာချာ..ပြောမယ်။
ချစ်တာတစ်ခုတည်းနဲ့
ကမ္ဘာအပျက်ကြီးထဲ၊ ရဲရဲရင့်ရင့် ဝင်လာမှာကိုတော့..,
အားလုံးက
သာဓု ခေါ်ကြမှာ မဟုတ်ဘူး။

ဦးနှောက်ကို
ကောက်ယူပြီး..စဉ်းစား။
ဘာကိုပဲ ဆုံးဖြတ် ဆုံးဖြတ်၊ ဘာပဲ..ဖြစ်ဖြစ်..
(မှန်းလို့မှ မဟုတ်ဘဲ)..
သင်ဟာ..
ငါ့ချစ်သူ အစစ် အမှန်...။ ။

2001, Jul., 7
12:35 (P.M)

စိန်သာရဖူစာပေ



**ရွှတ်ကျ**

ပွင့်လည်း..မပွင့်
မွေးလည်း..မမွေး။

တွန့်,
လိမ်,
ကောက်,
ကွေး,
ကွက်ကျားလေးကို

လက်ဆောင်ပေးရင် ယူမှာလား။

2001, Jul., 7
4:15 (P.M)
စိန်သရဖူစာပေ



**ငွေမှု**

ရက်စက်လိုက်တာ
ဆံပင်တွေကို ဖြတ်ပစ်လိုက်ပြီ။
ရက်စက်လိုက်တာ
မိတ်ကပ်အသစ်လိမ်း..,
ပန်းပွင့်စိမ်းစိမ်း ပန်လိုက်ပြီ။
ရက်စက်လိုက်တာ
ဖိနပ်အဟောင်းလေး ထားခဲ့ပြီ။
ရက်စက်လိုက်တာ
အရုပ်လေးတွေ ကျန်ခဲ့ပြီ။
ရက်စက်လိုက်တာ
သစ်ရွက်ဟောင်းလေး ကြွေသွားပြီ။

စိန်သရဖူစာပေ

## [၁၄၂] ဒီမြဏတ်



ရက်စက်လိုက်တာ
နှုတ်ခမ်းနီအသစ် ဆိုးလိုက်ပြီ။
ရက်စက်လိုက်တာ
နှုတ်ခမ်းရောက၊ အလွမ်းနာကို လောင်ကျွမ်းပြီ။

ရက်စက်လိုက်တာ
မေ့ဆေးပင်ပေါက်၊ မေ့ဦးနှောက်နဲ့
နောက်တစ်ယောက်ကို ချစ်လိုက်ပြီ။

ရက်စက်လိုက်တာ..
အဲဒ့ီတစ်ယောက်၊ သစ်ရွက်ခြောက်လည်း..
သူ့လေထဲမှာ မျောသွားပြီ...။ ။

2001, Jul., 20
1:30 (A.M)

စိန်သရဖူစာပေ

[၁၄၇]

# သူဝန်မှ...ဝန်း

တောတောင်ရေမြေ၊ ဆီးနှင်းတွေခြောက်
လမ်းပျောက်ရှုပ်ထွေး၊ အဝေးကမ္ဘာ
သူ..လာမှ..လန်း၊ သူ့ခြေလှမ်းမှ
လမ်းကြောင်းဖြစ်မည်။

အဟန့်အတား
ချောင်းဖျားမြစ်ကူး၊ ဗွက်လူးနေစဉ်
ရင်ခွင်ခံစား၊ သူ..ဆန့်လျှားမှ
တံတားဖြစ်မည်။

စိန်သရဖူစာပေ



စည်းစိမ်ဥစ္စာ
ရတနာကိုးပါး၊ စီခြယ်ထားလည်း..
သူရောက်မလာ၊ ဟာတာတာဖြစ်
သူလာမှိုနွဲ့၊ သူနှစ်သက်စွာ
သူ..နေသာမှ၊ ဂေဟာဖြစ်မည်။

ခုနစ်စဉ်ရောင်
ယှဉ်ယှက်နှောင်တန်း၊ ကောင်းကင်လမ်းသို့
သူ့လက် ဆန့်တမ်း၊ သူ..မျှော်တမ်းမှ
သက်တံဖြစ်မည်။

. စိန်သရဖူစာပေ

[၁၄၅]

ပင် မျိုးစုံလန်း
ပန်းမျိုးစုံပွင့်၊ မာလာဝင့်လည်း..
သူ..မလိုချင်၊ ငြိုငြင်ပယ်ထုတ်
ပန်းရုပ်မပီ၊ သူ ကြည်ဖြူ၍
မေ့မေ့မူးမူး၊ သူ ဆွတ်ခူးလျက်
သူ့လက်အလှမ်း၊ သူက, နမ်းမှ
ပန်းဖြစ်တော့သည်။

သူ မရှိလျှင်၊ လမ်းလည်း..မရှိ
ချောင်းလည်း..မကူး
အိမ်ဦး..ခြောက်သွေ့
သက်တံ..မြေခွေး
ပန်းမမွှေးဘူး။

သူ ရှိမှသာ၊ ကိုယ့်ကမ္ဘာ၌
အရာရာပြည့်၊ ကိုယ် ပျော်မွေ့မယ်
တစ်နေ့ကိုမှ မမေ့ဘူး...။ ။

2001, May., 8

[2001, Jun., 6 မေသတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၄၁)]

စိန်သရဖူစာပေ



## ဘုံရှင်သူ

ကြွက်ကို...ကြောင်က နိုင်
ကြောင်ကို...ကျားက နိုင်
ကျားကို...လူက နိုင်၊

လူက..လူကို ပြိုင်
သူက..သူ့ကို နိုင်၊
အပြိုင်အဆိုင်
နိုင်..နိုင်..နိုင်သွားကြတာ
မလျှိုင်စိုက်ဖို့ လိုသလား။

စိန်သရဖူစာပေ

[၁၄၇]

ကိုယ်က..သူ့ကို..နိုင်
သူက..ကိုယ့်ကို..နိုင်
အယှိုင်, အယှိုင်ချင်း..ပြိုင်
အနိုင်, အနိုင်ချင်း..နိုင်... ...၊

တကယ့်ပြိုင်ဘက်၊ ''သေမင်း''လက်ကို
တစ်ချက်ရိုက်ပုတ်၊ ဉာဏ်နဲ့ ခုတ်ပိုင်း
သူ့စက်ပိုင်းအား

ဘယ်သူ ရပ်ခိုင်း ''နိုင်''သလဲ...။ ။

2001, Jul., 21
3:40 (A.M)
စိန်သရဖူစာပေ

## လမ်းခွဲ

မုန်းလို့ မဟုတ်ပါဘူး။
မင်းသွားဖို့ တံတားထိုးပေးတာပါ
ကိုယ့်..ခါး, ကျိုးချင် ကျိုးသွားပေ့စေ။

မုန်းလို့ မဟုတ်ပါဘူး။
မင်း မေ့ဖို့ သင်ပေးလိုက်တာပါ
ကိုယ့်..အသည်းတွေ, ကွဲချင် ကွဲပေ့စေ။

လမ်းခွဲတာ မဟုတ်ပါဘူး။
ကိုယ့်တံတား ကျိုးနေလို့
လမ်းလွဲက, လျှောက်နိုင်းတာပါ။

စိန်သာရဖူးစာပေ

ခဲလုံးတစ်လုံး ကောက်ရတယ်ဆိုရင်
တံတားအောက်က ချောင်းရေထဲကို
ပစ်ချပေးပါ။ အဲဒီ ခဲလုံးက
ကိုယ့် အသည်းနှလုံးလေ။

မုန်းလို့ မဟုတ်ပါဘူး။
လူတွေ ပြောပြောနေတဲ့ အချစ်အတွက်
ကိုယ့်ကိုကိုယ်...ရက်စက်လိုက်တာပါ။

ကိုယ့်တံတား ကောင်းသွားတဲ့အခါ
မင်းတို့နှစ်ယောက်
လမ်းလျှောက် ထွက်ခဲ့ပါဦးကွယ်။

မုန်းလို့တော့ မဟုတ်ဘူးပေါ့..
သို့သော်.., ဒါပေမဲ့..,
မင်း.., မုန်းဖို့ လိုလိမ့်မယ်...။ ။

[2001, Aug. ကလျာမဂ္ဂဇင်း အမှတ် (၁၉၈)]

ဝိနည်းသရုပ်ပြစာပေ

[၁၅၀] ကိုပြဇာတ်



## ကောင်းကောင်ဒိမ်း

ညီမလေးရေ...
မိမိကိုယ်ကိုသာ
ချစ်ခင်တွယ်တာတတ်ကြတဲ့
လောကရဲ့အလယ်မှာ
ကိုယ့်ကိုယ်ကို မခင်တွယ်
ရင်မှာနွယ် သံယောဇဉ်တွေနဲ့
မင်းကို ချစ်နေခဲ့ရတာ
ကိုကိုပါကွယ်။

စိန်သရဖူစာပေ


[၁၉၁]
မင်းပြောသမျှ
သဘောကျ ရင်ခုန်
မျက်နှာလေး မြင်ရုံနဲ့
မျက်လုံးစုံမှိတ်
ရင်ထဲကြိတ်လွမ်း၊
စိတ်ကူးလေးနဲ့ နမ်းခဲ့ရတာ
ကိုကိုပါကွယ်။
ရင်မှိုနဲ့ဆို၊ ဒိုကိုးဖက်တွယ်
လက်သွယ်နယ်ချဲ့၊ ကောသာရဲ့လှိုင်း
အနမ်းမှိုင်းမိ၊ နွမ်းယိခွေယိုင်
မမြင်ရ၊ မနေနိုင်တာ
ကိုကိုပါကွယ်..။
စိန်သရဖူစာပေ

## [၁၅၂] ဒီပြဇာတ်



ပန်းခြံထဲက ခုံတန်းလေးတွေမှာ
ဖိကာပ်ခဲ့တဲ့
ပီကေလေးတွေ...၊
ပန်းပွင့်လေးတွေကြားမှာ
တွယ်ကပ်ကျန်ရစ်ခဲ့တဲ့
စကားလှလှလေးတွေ...၊
ရုပ်ရှင်ရုံထဲမှာ
နားထောင်တွယ်မက်ဖူးတဲ့
ချစ်သူရဲ့ ရင်ခုန်သံလေးတွေ
... ... ...
တစ်နေ့ဝင်သွားတာနဲ့
ညရဲ့နံရံ
အိပ်မက်မှာ ပြန်ပြန်တွေ့
မေ့လို့မရ၊ တသ,သနဲ့
ညတွေ ကုန်လွန်ခဲ့တာ
ကိုကိုပါကွယ်။

စိန်သရဖူစာပေ



မနက်လင်းတာနဲ့
သက်ပြင်းတစ်ခါကျ
ချစ်သူကို သတိရတာ
သဘာဝ ကျပါသလား။

ဒါ...ထာဝရပါကွယ်
တွယ်တာသမျှ ယခုဘဝ
ခဏဆိုတဲ့..ကာလရှည်မှာ
ချစ်သူနဲ့..အတူနေဖို့အရေး
တွေးတောမြင်မိ ပီတိစိတ်ကူး
သိပ်ရူးခဲ့တာ
ကိုကိုပါကွယ်။

မာယာအပြုံး
ဟန်ဆောင်အပြုံး တစ်ချက်အပင့်မှာ
ငါ့မနက်ဖြန်တွေ
လွင့်ပြေးသွားတာ..
ဘယ်သူ့ကြောင့်ပါလဲ။

စိန်သရဖူစာပေ

## [၁၅၄] ကြိုမြဓာတ်



ရက်စက်လိုက်တာ
လုပ်ရက်လိုက်တာ
ပက်စက်လိုက်တာ
အကြင်နာ..ညှိုမလေးရယ်။

ကိုကို့မျက်နှာ
တစ်ကမ္ဘာ..ဆိုလို့
သာဓုခေါ်..
ပီတိလွှမ်း..
ငါ့ကို ညှာနမ်းသွားတာ
ဘာကြောင့်များလဲကွယ်။

အိပ်မက်တွေဆိုး
ကောင်းကင်မိုး..ပြိုပျက်
အငိုခက်၊ အရှိုက်ခက်
ရက်စက်မှု တွင်းနက်နက်ထဲမှာ
ငါ့ကို မြှုပ်နှံသွားတာ
ဘယ်အပြစ်ကြောင့်လဲကွယ်။

စိန်သာရဖူးစာပေ



လူတွေကို မယုံကြည်ပြိုင်ရဲ
အပူတွေကို ရင်မဆိုင်ရဲ
အတူနေမယ့်
ငါ...စိတ်ကူးယဉ် တဲစုတ်ကြီး
အိပ်မက်ထဲမှာ
ပျက်စီးသွားပြီ။

မုန်းတယ်..လို့ ပြောရင်
ဖြေသာပါတယ်ကွယ်၊
မေ့လိုက်ဖို့ ပြောရင်
နေသာမှာပါကွယ်။

မမေ့မမုန်း
ကုန်ဆုံး နှစ်..လ၊
ချစ်သမျှတွေ သဓ္ဓေရင့်တော့မှ
မင်း..ဖွင့်မပြောခဲ့တဲ့ မာယာတစ်ခု
ကြေကွဲမှုဖြစ်
ရေတိမ်ထဲမှာ..ငါ နစ်ခဲ့ပြီ။

စိန်သရဖူစာပေ



[၁၅၆] ကြိုပြဇာတ်

သေလုမျောပါး
ခံစားနေရရှာတဲ့
မင်းရဲ့နံဘေးမှာ၊
တခြားသူတစ်ဦး
ကူးလမ်းခပ်နေတာ
ဘာဇာတ်လမ်းလဲကွယ်။

ငါ့ရဲ့ ကောင်းကင်အောက်က
မင်း..ကွယ်ပျောက်သွားတဲ့ကာလမှာ
ငါ..ဘာမှ မသိလိုက်ဘဲ
လူတွေရဲ့ အစွပ်စွဲကို
ငါ..ခံလိုက်ရပြီ။

ငါတို့နှစ်ယောက်
အမှန်တရားကို
အမှားအယွင်းမဖြစ်အောင်
မင်း..ဘယ်လိုစွမ်းဆောင်မလဲ။

စိန်သရဖူစာပေ

[၁၅၇]



အလွမ်းတစ်ထောင်နဲ့
ကျမ်းတစ်စောင် မပွဲ့ချင်ပေမယ့်
နာကျင်တဲ့ ငါ့နှလုံးသားထဲက
အရေးယူမယ့်
ငါ့ စကားတစ်ခွန်းကိုတော့
ပစ်ပယ်ရှောင်ပုန်း...
မင်း...
ငါ့ကို ပြုံးပြပါဦး ညီမလေးရေ

ငါ..သေဆုံးသွားပြီ။

ပြန်တောင်းလို့ရရင်
ပြန်တောင်းလိုက်ပါရစေ..
ငါ့မနက်ဖြန်တွေ ပြန်ပေး
ငါ့ယုံကြည်မှုတွေ ပြန်ပေး

စိန်သရဖူစာပေ

## [၁၅၈] ချိန်မြှားတော်



မင်းနဲ့ငါ
ဝေးသွားပြီ။

ကောင်းကင်ကြီးလည်း
စိမ်းသွားပြီ။
ပေါက်ခနဲ ကြွေကျသွားတဲ့
မျက်ရည်တစ်စက်တောင်
အစိမ်းရောင် အသွင်ပြောင်း...
ဒါ...မင်းအတွက်
ငါ့ရဲ့ နှုတ်ဆက်ခြင်း
သတင်းကောင်းပါကွယ်။ ။

(၁၂.၆.၉၇)
(မော်ဖူးခွင့်နှင့် ပတ်သက်ခဲ့သော ကဗျာများ–မှ)

စိန့်သရဖူစာပေ

## ရွှေမျက်ရည်

သေဆုံးသွားပြီဖြစ်တဲ့
ငါ့ကို...
ခဏခဏ, လာမသတ်ပါနဲ့။

နာကျင်ချက်တွေကို
ကဗျာမစပ်ချင်ဘူးကွယ်..၊
အရည်ဖျော်ပြီး..
ငါ..ကိုယ်တိုင် သောက်သုံးနေပါတယ်...။

မင်း ကျေနပ်ဖို့အတွက်
ရွှေနဲ့ စပ်ဝယ်ထားရတဲ့
ငါ့ရဲ့ မျက်ရည်စက်တွေ
ဘယ်လောက်တောင် သွန်ထုတ်နေရဦးမလဲ။

စိန်သရဖူစာပေ

## [၁၆၀] ကိုပြုဆတ်

အိပ်မက်က လန့်နိုးပြီးပြီလေ..
နောက်ထပ် ငါ့အိပ်မက်တွေထဲကို
မင်း..မလာပါနဲ့တော့။

ရေခဲရိုက် ခံထားရတဲ့
ငါ့ အနာဂတ်ထဲမှာ
အိပ်မက်အသစ်တွေ
မမက်ရဲတော့ဘူးကွယ်။

မင်းကို သတိရမိတိုင်း
အုံကြွတတ်တဲ့
ငါ့ရဲ့ ဒေါသတွေကို
မင်းကိုယ်တိုင်
ဖနှောင့်နဲ့ လာပေါက်လှည့်ပါ။

နောက်တစ်ခါ ရှင်သန်ဖို့အတွက်
ငါ့ ယုံကြည်ချက်တွေ
လေဖြတ်သွားပြီ။

မင်း..ကစားပေးဦးမလား။

စိန်သရဖူစာပေ

[၁၆၁]

အဲဒီအတွက်
မင်းလက်ထဲမှာ
ဓါးတစ်လက်သာ
ယူဆောင်လာခဲ့ပါ။

မင်းခြေဆေးဖို့
ငါ့ လက်ဆောင်တွေ ပေးမယ်
အဲဒါ...
ငါ့..မျက်ရည်တွေလေ။

ငါ့ ရန်သူတော်တွေကို
ကောင်းကင်ပေါ်မှာ
ငါ ရှာတယ်။

အရပ်လေးမျက်နှာမှာ
ငါ..ရှာတယ်။

ငါ့ရင်ဘတ်ထဲ
အဆိပ်မြားတွေ
တွဲလဲခိုတော့မှ
မင်းရဲ့လက်ထဲမှာ
လေးကိုင်းတစ်လက် တွေ့တယ်..။

စိန်သရဖူစာပေ

## [၁၆၂] နှိုးမြူဆော်

အငြိုးကြီးတယ် ဆိုတဲ့
သုဘဒ္ဒါကမှ
ရက်စက်ဖို့ ညွှန်ကြား
လူစား လွှတ်လိုက်ပါသေးတယ်။

မင်းကိုယ်တိုင်
ပစ်ခွင်းမယ့်...မြား
လူစား လွှတ်လိုက်ပါတော့လားကွယ်။

ငါ့ခြေထောက်တွေ
လှုပ်လို့မရတော့ဘူး
ငါ့အိပ်ရာထဲမှာ
အိပ်မက်တွေ
သွေးပွက်ပွက် အန်ကုန်ပြီ။

နံရံတွေကို
လက်သီးနဲ့ ထိုးလိုက်တိုင်း
မင်း..မျက်နှာ ဝိုင်းဝိုင်းလေးက
ငါ့..ခေါင်းကို
ပြေး..ပြေး ဆောင့်တယ်။

စိန်သာရဖူစာပေ

ရှုးသွပ်တုန်လှုပ်
မင်းရဲ့ ခြေတော်ရင်းမှာ
ငါ့ကိုယ်..ငါ
ဖာတ်မြှုပ်လိုက်ပြီ။

ဘဝဆက်တိုင်း
မင်းနဲ့ ကြုံဆုံတဲ့..အခါ
ငါ...
ကျောက်ရုပ် ဖြစ်ပါရစေ။

ကျောက်သားမျက်ဝန်းထဲက
စိမ့်ထွက်တွဲခိုလာတဲ့
မျက်ရည်စက်များ...
မင်း..ခြေဖဝါးအောက်
ရောက်တဲ့အခါ..
မင်းရဲ့ ခြေဖဝါး
ရွှေသားအတိ ဖြစ်ပါစေ။

စိန်သရဖူစာပေ

မင်းပြုံးတဲ့အခါ
ထိုမျက်ရည်များ..လှိုင်းထန်
မုန်တိုင်း..မာန်ကြွ
မင်းနဲ့..ငါ့အကြား
နံရံတစ်ချပ်ပမာ
ခြားပါရစေ..။

နှုတ်မဆက်တော့ဘူး
အချစ်ရေ...

ငါ..သေဆုံးသွားပြီ။ ။

(၁၉·၅·၉၇)
(မော်ဖူးခွင့်နှင့် ပတ်သက်ခဲ့သော ကဗျာများ–မှ)
ဝိန်သရပ္ပစာပေ



## သစ္စာသီချင်း

လောကဓံတွေ ထိရှထားတဲ့
ဒဏ်ရာရ မျက်နှာနဲ့
လောကကြီးကို မော့ကြည့်ရတာ
အားရှိလိုက်တာ..အချစ်ရယ်။

ဒုက္ခတွေ ချည်နှောင်ထားလို့
လွင့်လူးခွင့် မရပေမယ့်
ဘဝက သင်ပေးထားတဲ့
အညတရစိတ်အင်အားက
လွင့်ပါးလွတ်မြောက်
ဟိုး...ကောင်းကင်ပေါ်ကို ရောက်နေပြီ။

စိန်သရဖူစာပေ

## [၁၆၆] ပြဇာတ်

အမှန်တရားဆိုတာ
ပါးစပ်က ရွတ်ဖတ်သရဇ္ဈာယ်ရမယ့်
ဂါထာတစ်ပုဒ်မဟုတ်ဘူး..အချစ်ရေ၊

ကိုယ့်ပေတံနဲ့ ကိုယ်တိုင်း
ကိုယ့်တံတိုင်း ကိုယ်ခတ်
ကိုယ့်ဇာတ် ကိုယ်ခင်း
ကိုယ့်သီချင်း ကိုယ်ဆို
ကိုယ့်သန့်ရှင်းရေး ကိုယ်လုပ်၊
အဲဒါ...
အမှန်တရားအတွက်
သစ္စာသီချင်းတစ်ပုဒ်ပေါ့ကွယ်။

စိတ်ညစ်လို့ ငိုတတ်ရုံနဲ့
ကံကြမ္မာဓါးက
တို့ကို သနားမှာမှ မဟုတ်ဘဲ။

စိန်သရဖူစာပေ

[၁၆၇]

ကံကြမ္မာကို ပြန်ချဖို့အတွက်
ရန်စဖို့..မလို
အလံပြလို့လည်း..အပို
(တို့တတွေ)
ခံပြဖို့ပဲ လိုတယ်။

ဒဏ်ရာတစ်ချက်ရတာနဲ့
အသက်ကို ဝ,အောင်ရှူ
ဒဏ်ရာကို မြေဖြူသုတ်၊
ငါဟာ...
တစ်ယောက် ဟုတ်သွားပြီလို့
တွေးလိုက်ပေါ့..အချစ်ရယ်။

ခံနိုင်ရည်ကိုယ်စီနဲ့
ငို...ရယ်...ပျော်...မဲ့...
လောကရဲ့ ရသကိုးပါး
ကြိုးစားခံယူ
(ဒုက္ခ..ဆိုတာ)
တို့ရဲ့ ရန်သူမှ မဟုတ်ဘဲ။

စိန်သရဖူစာပေ

## [၁၆၈] နှိုင်းပြဇာတ်

မတွေ့ မမြင်ခင်
နေ့စဉ်တမ်းတ
သတိရကြ ရအောင်နော်။

ကြည့်…
“ဘဝ”ဆိုတာ
ဒါပါပဲ‥အချစ်ရယ်၊
မြစ်လာယ်က‥ဖေဒါ
ပင်လယ်ထဲက၊ လှေ‥တစ်စင်း။
ဒုက္ခကို သီချင်းဆို
(အချိန်တန်တော့လည်း)
သူ့အလိုလို
ကမ်းစပ်တစ်ခုမှာ၊ ရပ်နားသွားရတာပါပဲ။

အရေးကြီးတာက
လှော်ခတ်နေဖို့ပါပဲကွယ်။

စိန်သရဖူစာပေ


လှော်ရင်းနဲ့ မြုပ်သွားတော့လည်း
ဒါဟာ
ဘယ်သူမှ မသိလိုက်တဲ့
သီချင်းတစ်ပုဒ်ပေါ့ကွယ်။

မြုပ်မြုပ်၊ မမြုပ်မြုပ်
လှော်ခတ်နေတာ
တို့အလုပ်နော်။

ပျော်ရဲ့လား..အချစ်ရယ်
မပျော်လို့ ငိုမယ်ပြင်တိုင်း..
မျက်ရည်တွေ လုံလောက်ပါ့မလား..လို့
စဉ်းစားဖို့ လိုမယ်ကွယ်။

ဒုက္ခနဲ့ ညီမျှတဲ့
မျက်ရည်တွေ မရှိမှတော့
ရယ်ပြလိုက်ပေါ့..အချစ်ရယ်..။

စိန်သရဖူစာပေ



## [၁၇၀] ကိုးပြဆတ်

အသက်ကြီးလာတဲ့အခါ
လက်သီးတွေ ဖွဖွဆုပ်ပြီး..
တို့နှစ်ယောက် ကြုံဆုံခဲ့တဲ့
ဒုက္ခပုံပြင်တွေအကြောင်း..၊
လောကဓံ မိစိမ်းကားရဲ့
ထိကပါး ရိကပါးနဲ့
ကာလီ, ကစားခဲ့တဲ့
ခါးချက်တွေ အကြောင်း..၊
ဟားတိုက်ရယ်မော
တသောသောနဲ့
မြေးတွေ၊ မြစ်တွေ
သား..သမီးတွေကို
သူတို့ရဲ့ အိပ်မက်တွေ
အားရှိစေဖို့..,

ပြောပြပါစို့..အချစ်ရယ်။

စိန်သရဖူစာပေ



အခု..လောလောဆယ်တော့
မောတယ်..ပမ်းတယ်
လွမ်းတယ်..ဆွေးတယ်
အားဖယ်ထားပေါ့...။

ဒုက္ခဆိုတဲ့..နံရံကို
အဖန်ဖန် ရိုက်ခဲ့
ကြာတော့လည်း..
သူ့အလိုလို ပြိုလဲသွားမှာပါ။

မငိုကြေးနော်..အချစ်
ကိုယ်ပေးတဲ့..ချွေးစက်..ပန်း
မင်း နမ်းမှ လန်းဆန်းရမှာပါ။

စိန်သာရဖူးစာပေ

မင်း..မနမ်းရသေးတဲ့
ကိုယ့်ရဲ့ပါးပြင်
သန့်ရှင်းစင်ကြယ်ဖို့
ချွေးစက်တွေနဲ့ ဆေးကြောထားတယ်လေ...။

အချစ်ရေ..
လောကဓံတွေ ထိရှသွားတဲ့
ဒဏ်ရာရ မျက်နှာနဲ့
လောကကြီးကို မော့ကြည့်ရတာ
အားရှိလိုက်တာကွယ်...။

၂၄·၈·၉၅
1:30 (A.M)
(မော်ဖုးခွင့်နှင့် ပတ်သက်ခဲ့သော ကဗျာများ–မှ)

စိန်သရဖူစာပေ

**မီးရထား**

ရွှတ်ဖတ်သရဖြူယ်ရုံနဲ့
အာရုံခြောက်ပါးက မလွတ်ကင်းနိုင်သလို..
ကျိတ်မှိတ်..ခံစား
အောဟစ် ညည်းတွားနေရုံနဲ့
ငါ့ ရင်နာခြင်းတွေ
မကုန်ဆုံးနိုင်ပါလားကွယ်။

သံသရာ ဝဋ်ဆင်းရဲမှ
ခုနစ်ထ လွတ်မြောက်ချင်ပါလျက်၊
နွံထဲမှာ ခဏခဏ နစ်
ငါ့ကို ပေညစ်စေတာ
"အချစ်"..တဲ့လားဟင်။

စိန်သရဖူစာပေ

## [၁၇၄] ကြိုမြဇာတ်



နှုတ်ဆက်ချင်တယ်ကွယ်။
သံသရာတွေ
ဘယ်လောက်တောင် လည်ဦးမလဲ။
ဝဋ်ကြွေးတွေ ကုန်ဆုံးမယ့်တစ်နေ့မှာ
ငါ့..ခြောက်သွေ့ခြင်းတွေ
စိမ်းလန်းပါရစေ။

နေ့မှန်းမသိလို့
ငါ...ညညတွေနဲ့
နေထိုင်ခဲ့မိပါတယ်။

အလင်းရောင်ကို
ငါ..ရှာဖွေချင်တာပါလေ။

တွေ့မယ့်တွေ့တော့
ကျွမ်းမြေပြာကျသွားစေတဲ့
မီးတောက်တွေပါလား။

စိန်သရဖူစာပေ

ငါ့ရထားကို
ငါ..မောင်းနှင်ခဲ့တာပါပဲ၊
ဒါပေမဲ့
ချိုးကွေ့ချင်တဲ့ အခါတိုင်းမှာ
သံလမ်းရဲ့ စေရာကို
ငါ..လိုက်ခဲ့ရတာပါကလား။
အဲဒါ...
ကံတရားတဲ့လား ဟာ။

ကိုယ့်ကိုယ်ကို
ငြိုငြင်တတ်ခဲ့ပြီ။

နာရီလက်တံတွေကို
ခုန်ကျော်ဖို့၊
ပြက္ခဒိန် စာမျက်နှာဟောင်း
တွေပေါ်က
ကြက်ခြေခတ်ဟွေ့ကို
ဘယ်လို..
ပယ်ဖျက်ပစ်ရမလဲ။

စိန်သရဖူစာပေ

F.11.B

ဝမ်းနည်းစရာကောင်းလိုက်တာ
ငါ့..အလောင်းကို
ငါ့ စိတ်ကူးတွေနဲ့
ခဏခဏ သတ်ပစ်ချင်ပြီ။

သေဆုံးသွားပြီ ထားပါဦး
ပြက္ခဒိန်ထဲက
ကြက်ခြေခတ်တွေရဲ့ မျက်လုံးများကို
ဘယ်အရာနဲ့..
ဖုံးဖိထားရပါ့မလဲ။

သူတို့ကြောင့်, နင်တို့ကြောင့်,
မင်းတို့ကြောင့်..လို့
အပြစ်ဖို့ နာကျင်ခဲ့ပါရဲ့၊
ဒါပေမဲ့လေ..
တရားခံတွေ ဘယ်လောက်များများ
ငြိမ်သက်ခြင်းတရားနဲ့
စဉ်းစားဆင်ခြင်ကြည့်တဲ့အခါ
အဓိက တရားခံဟာ
ငါပါပဲကွယ်။



F.II.A

[၁၇၇]

ဥဩတွေလက်ယပ်ခေါ်လို့
နွေထဲမှာ...ငါပျော်ခဲ့တာ မဟုတ်ပါဘူး
ငါ ကိုယ်တိုင်ရဲ့ မသိခြင်းကြောင့်
နွေထဲမှာ နေခဲ့မိတာပါ။

မှားမှားချင်း..သိ
သိသိချင်း..သေ
သေသေချင်း..လွတ်
ငှက်အတောင်..ကျွတ်သလို
ငါ့..အရောင်ဆိုးတွေ
ကြေးချွတ်လို့ ရရင်
ဘယ်လောက်တောင် ကောင်းလိုက်မလဲ။

ငါ..သေရင်
ကမ္ဘာမြေ ဘာဖြစ်သွားနိုင်သလဲ ဟင်။

စိန်သရဖူစာပေ

F.12.A

[၁၇၈] ကိုမြဝေတ်

ငါ…
သေလို့ ရမလား ဟင်။

ထွက်မပြေးကြေး
အကြွေးရှိသမျှ
ပေးခဲ့ပါရစေ…။

မနက်ဖြန်တွေကို
ယှဉ်ပြိုင်ဖို့
ငါ့ ရင်ဆိုင်နိုင်စွမ်းတွေ
နွမ်းကြေနေပါရဲ့။

ဒါပေမဲ့ကွယ်..
ငါစိုက်ခဲ့တဲ့ အသီးကို
ငါစားဖို့ လိုပါသေးတယ်။
ငါမွေးခဲ့တဲ့ မီးကို
ငါ ငြိမ်းဖို့ ကျန်ပါသေးတယ်။

စိန်သရဖူစာပေ

### အလှရှိ [၁၇၉]
(ချွန်းရေးပန်းချီ)

အဆိပ်သီးမှ..ထွက်ပြေး
အပူမီးမှ..ကွေ့ရှောင်
ဘယ်ချောင်မှာ..
ငါ..ဘယ်လိုပုန်းပုန်း
အကြွေးရှင်က
ငါ့ကို..ပြုံးကြည့်နေပါလိမ့်မယ်။

မျက်နှာမလိုက်တတ်တဲ့
လောကဓံတရားကို
ငါ...
လေးစားစွာ ကြိုဆိုဖို့အတွက်
တုန်လှုပ်နေရုံ သက်သက်နဲ့
သူ..ကျေနပ်သွားမှာမှ မဟုတ်ဘဲ။

ကဲ..လောကဓံ
ကျောလှန်ရင်..ကျောချ
ရင် လှန်ရင်..ရင်ချ
သင် ပြုသမျှ နုကြရမယ့်
ငါတို့ရဲ့..ဘဝများစွာကိုယ်စား
ငါ့ကိုလည်း..
သင်..အားမနာလေနဲ့။

စိန်သရဖူစာပေ

[၁၈၀] ကိုမြစေတ်

ငါ့..အလိုကိုလိုက်တဲ့
အနေနဲ့၊
သူတစ်ပါးတွေထက်
ရင်ထဲကို
တစ်ချက်လောက်
ပို ရိုက်ပါ။
လိမ္မာချင်လွန်းခဲ့..တဲ့
ငါ..လူမိုက်ကြီး..လေ။

အထုအထောင်းမှန်သမျှ
ဆုတောင်းတိုင်း
ကြေကြေစတမ်းဆိုရင်၊
ငါ..ဆုတောင်းလိုပါတယ်။

သံသရာမှာ လည်ပတ်ခြင်း
ဤဘဝသည်
နောက်ဆုံးတွင်း တစ်တွင်း
ဖြစ်ပါရစေ။

စိန်သရဖူစာပေ


[၁၈၁]
သံသရာ ရထားကြီး
စီးနင်းခဲ့တာ
ဘယ်လောက်တောင်မှ
ကြာညောင်းခဲ့ရပြီလဲ။
မျိုးစေ့တွေ
ခဏခဏချ
မီးစ..တွေ
ခဏခဏ..မွှေး
ဘယ်လောက်တောင်
ပြေးလွှားခဲ့ရပြီလဲ။
အာရုံများရဲ့ အလိုကျ
ငိုရ..ရယ်ရ..နဲ့
သည်ဘဝရဲ့..နောက်ဆက်တွဲ
ဘယ်လောက်တောင်
ရှည်ကြာဦးမလဲ ဟင်။
စိန်သာရဖူးစာပေ

## [၁၈၂] ကိုပြဇာတ်

ခင်တွယ်ခြင်း မရှိသူ
ငါ..ဖြစ်လိုပြီ။
ငြိတွယ်ခြင်း မရှိသူ
ငါ..ဖြစ်လိုပြီ။

နွံထဲမှာ..ခြေစုံနစ်ရင်း
တောင့်တ..နေမိတဲ့
ငါ့..အဖြစ်ဆိုး
ကံကိုသာ
မျှော်ကိုးသင့်ပါသလား။

ငါ..
ကံဆိုးလိုက်တာ နော်။

မပျော်လည်း..စီး
ပျော်လည်း..စီး
သံသရာမီးရထားရဲ့
မီးပွားများကြားမှာ
ငါ..
ခရီးဆက်သွားရဦးမှာပါလား...။

စိန်သရဖူစာပေ


[၁၈၇]
ငါ..
လမ်းဆက်လျှောက်ရပေဦးမယ်။
မနက်ဖြန်တွေကို
ရင်ဆိုင်ဖို့
ဒီကနေ့
မျက်နှာသစ်ချင်တယ်။
. အချစ်ရေ...
မင်း..ငါ့ကို နားလည်ပေးပါ။ ။
(၁၇·၅·၉၇)
(မော်ဖူးခွင့်နှင့် ပတ်သက်ခဲ့သော ကဗျာများ–မှ)
စိန်သရဖူစာပေ

## ကြာအူတာ

နောက်ကျနေပြီ..
အချိန်တိုင်း အသံမြည်နေတဲ့
ခေါင်းလောင်းသံ
ဘူတာတစ်ခွင်လုံး ဆူညံပွက်။
ခဏစောင့်ပါဦး..
ချစ်သူနဲ့ အတူတူ သွားချင်တယ်
မိတ်ဆွေတွေနဲ့ အတူတူ သွားချင်တယ်
မရ။

လက်မှတ်တစ်စောင်ကို
နှစ်ယောက်သွားခွင့် မရှိ။
ခဏနေပါရစေဦး..
ချစ်သူနဲ့ မခွဲနိုင်လို့ပါ
မိတ်ဆွေတွေနဲ့ မခွဲချင်လို့ပါ..
မရ။

နေချင်တိုင်း
နေခွင့်မရှိ။

စိန်သရဖူစာပေ

အလှည့်ကျစနစ်..တဲ့
အချစ်ရဲ့ ကယ်ပါဦး။
လိမ်လိမ်မာမာ နေခဲ့နော်
မတည့်တာတွေ မစားနဲ့နော်။
ဟိုမှာ..ခေါ်နေပြီ
ရထား ထွက်တော့မယ်၊
ရထားပေါ်ကို
တည်တည်ငြိမ်ငြိမ် တက်ချင်တယ်။
မိတ်ဆွေတို့..
လုပ်စရာရှိတာ မြန်မြန်လုပ်ကြပါ
တချို့က
နှုတ်ဆက်ခွင့်တောင် မရလိုက်ဘူး။

ကျွန်တော်တော့..သွားတော့မယ်
နောက်ကျနေပြီ...။ ။

2001, Jul., 5
9:30 (P.M)

စိန်သရဖူစာပေ

**သေတမ်းစာ**

မြေကြီးပေါ်မှာပဲ
နေတယ်။

မြေကြီးပေါ်မှာပဲ
သေမယ်။

ငါ့ကို..မီးမရှို့နဲ့
လေထု ညစ်ညမ်းမှာ
စိုးလို့။

ကောင်းကောင်ဘုံကို
မမျှော်လင့်ပါဘူး။

မြေပြင်ကို မညစ်နွမ်းစေရင်
သေပျော်ပါပြီကွယ်။ ။

2001, May, 5


စိန်သရဖူစာပေ

[၁၈၇]



စိန်သာရဖူစာပေ


[၁၈၈] ဒိုးပြာကတ်
စိန်သရဖူစာပေ



စီစဉ်သူ ➡ တင်တင်အုန်း

စိန်သရဖူ
စာပေ

အမှတ် ၇၂၊ ပထမထပ်၊
၂၃ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။